မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်၊ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီ ၄ ရက်၊ စနေနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၂၇)

ဒို့တာဝန်အရေး(၃)ပါး

❖ ပြည်ထောင်စု မပြိုကွဲရေး။
❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သီရိလင်္ကာနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၄

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ကျရောက်သော သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မဟင်ဒါရာဂျာ ပက်ခ်စာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သီရိလင်္ကာနိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၄

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ကျရောက်သော သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဒီ အမ် ဂျာယာရတနာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပ

၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြ

နေပြည်တော် ဖေဖော်ဝါရီ ၃

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၅၆၆ ဦးတို့ တက်ရောက်ကြသည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

အစည်းအဝေး၌ နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်းများ၊ ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့် ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ရှင်းလင်းတင်ပြကြသည်။

ပို့ဆောင်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ပို့ဆောင်ရေးဝန်ကြီးဌာန၏ မဟာဗျူဟာမြောက် ပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ၊ လုပ်ငန်းဆောင်ရွက်မှု မူဝါဒရည်မှန်းချက်များ၊ ဘဏ္ဍာရေးမူဝါဒရည်မှန်းချက်များနှင့် အရည်အသွေးမီ စီမံခန့်ခွဲမှု မူဝါဒရည်မှန်းချက်များ၊ အလုပ်အကိုင်ရှာဖွေခန့်ထားရေး ရည်မှန်းချက်များ၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုများ၊ ဦးစီးဌာနများ၊ စီးပွားရေးအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနတစ်ခုလုံး၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ရငွေ၊ သုံးငွေနှင့် ပိုငွေ အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ဝန်ကြီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များ၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ရငွေများနှင့် အသုံးစရိတ်ရန်ပုံငွေခွင့်ပြုချက်၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် *စာမျက်နှာ ၈ ကော်လံ ၁* ◆

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

နေစကြဝဠာအပြင်ဘက်၌ ဂြိုဟ်သစ် ၁၁ လုံးတွေ့ရှိ စာ-၄

အီတလီစီးရီးအေ ပွဲစဉ် (၂၁) ချေယေးဗိုတို့ နိုင်ပွဲရရှိ စာ-၇

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရအဖွဲ့သစ်လက်ထက် (၁၁)စင်းမြောက်ဖွင့်လှစ်မည့် ရေဝတီတံတား(စင်းခန်း) စာ-၉

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်)

အားကစားစိတ်ဓာတ်နှင့် အားကစားပရိသတ်

အားကစားပြိုင်ပွဲများကို နိုင်ငံများအလိုက်သော်လည်းကောင်း၊ ကမ္ဘာ့တိုက်ကြီးများအလိုက်သော်လည်းကောင်း၊ တစ်ကမ္ဘာလုံးလွှမ်းခြုံ၍သော်လည်းကောင်း ကျင်းပလျက်ရှိသည်။ အများအားဖြင့် ဘောလုံး၊ ပြေးခုန်ပစ်၊ တင်းနစ်၊ လက်ဝှေ့ အစရှိသည့် အားကစားနည်းများ ဖြစ်ကြသည်။

ကမ္ဘာ့နိုင်ငံအသီးသီး၊ ဒေသအသီးသီးတို့၌ ကျင်းပသော ထိုအားကစားပွဲများတွင် အားကစားသမားများသည် သတ်မှတ်ထားသည့် အားကစားနည်း စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အားကစားစိတ်ဓာတ်အပြည့်အဝထားရှိကာ ယှဉ်ပြိုင်ကစားကြရသည်။ အားကစားစိတ်ဓာတ်ဆိုသည်မှာ အနိုင်မခံ၊ အရှုံးမပေးသည့်စိတ်ဓာတ်ထားရှိကာ တရားသောနည်းလမ်းဖြင့် ယှဉ်ပြိုင်ခြင်းဖြစ်သည်။ ရှုံးသည်နိုင်သည် အဓိကမဟုတ်၊ ယှဉ်ပြိုင်ခြင်းသာ အဓိက ဖြစ်သည်ဆိုသည့် စိတ်ဓာတ်မျိုးမွေးရမည် ဖြစ်သည်။

ဤသို့သော အားကစားစိတ်ဓာတ်မျိုးကို ပါဝင်ယှဉ်ပြိုင်ကြသည့် အားကစားသမားများသာလျှင် ထားရှိသင့်သည်ဟု ယခင်က ယူဆထားခဲ့ကြသည်။ အမှန်စင်စစ် ယခုအခါ ထိုအားကစားစိတ်ဓာတ်ကို ပွဲကြည့်ပရိသတ်များကလည်း ထားရှိရန်လိုအပ်လာသည်။ အဘယ်ဟူမူ အားကစားပြိုင်ပွဲအချို့တွင် ခိုက်ရန်ဖြစ်ပွားခြင်းကို တွေ့ရှိလာရသောကြောင့်ဖြစ်သည်။

အထူးသဖြင့် ဘောလုံးပွဲများတွင် ဘောလုံးကစားသမားများ တစ်ဦးနှင့်တစ်ဦး လူချကစားသည်ကို တွေ့ဖူးကြပေလိမ့်မည်။ ဤသို့သော လူချကစားသည့် စိတ်ဓာတ်သည် အားကစားစိတ်ဓာတ်မဟုတ်ချေ။ အားကစားပွဲတစ်ပွဲသည် အနိုင်ရအောင် ပြိုင်ဆိုင်ကြသည် မှန်သော်လည်း နည်းမှန်၊ လမ်းမှန်ဖြင့်သာ ပြိုင်သင့်ပေသည်။ မှန်မှန်ကန်ကန် ယှဉ်ပြိုင်အနိုင်ရခြင်းသည်သာလျှင် အားကစားစိတ်ဓာတ်ဖြင့် အောင်နိုင်ခြင်းဖြစ်၏။

ပွဲကြည့်ပရိသတ်များအနေဖြင့်လည်း အားကစားစိတ်ဓာတ် အပြည့်အဝထားရှိရန် လိုအပ်သည်။ မိမိအားပေးသော အသင်းသည် ရှုံးချင်ရှုံးမည်၊ နိုင်ချင်နိုင်မည်။ အရှုံး အနိုင်သည် အဓိကမဟုတ်၊ ယှဉ်ပြိုင်ခြင်းသာ အဓိကဖြစ်သည်ဟု နှလုံးသွင်းအားပေးသင့်၏။ မိမိအားပေးသည့်အသင်း အနိုင်ရလိုသော ဆန္ဒဖြင့် တစ်ဖက်အသင်းကစားသမားများအား ရေဘူးများဖြင့် ပစ်ပေါက်ခြင်း၊ မခံမရပ်ဖြစ်အောင် လှောင်ပြောင်သရော်ခြင်း၊ ဆဲဆိုခြင်း စသော အပြုအမူတို့သည် အားကစားစိတ်ဓာတ်ရှိခြင်းဟု မဆိုနိုင်။

တစ်နေ့က အီဂျစ်နိုင်ငံ၌ ယှဉ်ပြိုင်သော ဘောလုံးပွဲတစ်ပွဲတွင် ပွဲကြည့် အားကစားပရိသတ်များ အချင်းချင်း ခိုက်ရန်ဖြစ်ပွားခဲ့ပြီး လူတစ်ရာကျော် သေဆုံးခဲ့ရသည်။ ဤဖြစ်ရပ်သည် နှစ်ဖက်အားကစားပရိသတ်များ အားကစားပွဲကြည့်ရှုရာတွင် အားကစားစိတ်ဓာတ်ဖြင့်သာ အားပေးကြည့်ရှုသင့်ကြောင်းကို မီးမောင်းထိုးပြလိုက်ခြင်းပင် ဖြစ်၏။

ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင်လည်း ပြည်တွင်းအမှတ်ပေးဘောလုံးပြိုင်ပွဲများ၊ နိုင်ငံတကာဖိတ်ခေါ်ပြိုင်ပွဲများ မကြာခဏ ကျင်းပနေသည်။ လာမည့်နှစ် ၂၀၁၃ ခုနှစ်တွင်လည်း အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပဦးမည် ဖြစ်သည်။ ပွဲကြည့်ပရိသတ်များအနေဖြင့် နိုင်ငံကြီးသားပီသစွာ ကြည့်ရှုတတ်သည့် အလေ့အထကို မွေးမြူကြရမည်ဖြစ်သည်။ အားကစားစိတ်ဓာတ်ရှိသော ပရိသတ်အဖြစ် ခံယူပြီး အားပေးရမည် ဖြစ်သည်။

သို့ဖြစ်ရာ အားကစားပရိသတ်များအနေဖြင့် မည်သည့်အားကစားပြိုင်ပွဲကိုမဆို ကြည့်ရှုအားပေးကြသည်ဖြစ်စေ အားကစားသမားများနည်းတူ အားကစားစိတ်ဓာတ်မွေးမြူကြည့်ရှုအားပေးသင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ရတနာပုံစာကြည့်တိုက် အဆောက်အအုံသစ် ကျုံပျော်မြို့နယ် သရက်ရိုးကျေးရွာ၌ဖွင့်

ကျုံပျော် ဖေဖော်ဝါရီ ၃

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျုံပျော်မြို့နယ် ကျိုက်ပါအုပ်စု သရက်ရိုးကျေးရွာ ရတနာပုံစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂၆ ရက် နံနက် ၁၀ နာရီက အဆိုပါစာကြည့်တိုက် အဆောက်အအုံရှေ့၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းစိန်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး လှဝင်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအေးမင်းတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

လှူဒါန်း

ထို့နောက် စာအုပ်လှူဒါန်းပွဲကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မိုးမြင့်၊ ဂုန်လျှော်လုပ်ငန်းမန်နေဂျာ ဦးသိန်းနိုင်၊ ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးအောင်ဆန်းဝင်း၊ စာတိုက်မှူး ဦးကျော်ကျော်မြင့်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လက်ထောက်အင်ဂျင်နီယာ ဒေါ်နှင်းလွှာမျိုးတို့က သုတရသ စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်းရာ ကျေးရွာစာကြည့်တိုက်ကော်မတီဝင် ဦးကျော်ဝင်းနှင့် ဦးခင်သိန်းတို့က လက်ခံယူသည်။ အဆိုပါ စာကြည့်တိုက်ကို ငွေကျပ် ၉၅၅၀၀၀ အကုန်အကျခံကာ ကျေးရွာမှစုပေါင်းဆောက်လုပ်ခဲ့ပြီး မြေအကျယ် (၃၅ × ၃၀) ပေကို အလှူရှင် ဒေါ်ကြိန်က လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

သံတောင်ကြီးမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံများအား အထူးကုဆရာဝန်ကြီးများအဖွဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေး

နေပြည်တော် ဖေဖော်ဝါရီ ၃

ကရင်ပြည်နယ်အစိုးရအဖွဲ့အစီအစဉ်ဖြင့် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်လင်း ခေါင်းဆောင်သော အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များနှင့် သူနာပြုများသည် ဇန်နဝါရီ ၂၇ ရက်က သံတောင်ကြီး တိုက်နယ်ပြည်သူ့ဆေးရုံ၌ သံတောင်ကြီးမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ကျေးရွာသူ ကျေးရွာသားများ၊ တိုင်းရင်းသားများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများက ကြည့်ရှုအားပေးကြကာ လူနာများအား အနွေးအကျီ၊ စောင်များ၊ ကရင်တိုင်းရင်းသားဝတ်စုံများနှင့် အိုင်အိုဒင်းဆားထုပ်များ ပေးအပ်ကြပြီး မျက်စိဝေဒနာရှင်များအား မျက်မှန်များ တပ်ဆင်လှူဒါန်းပေးကြသည်။

အဆိုပါသံတောင်ကြီးတိုက်နယ်ပြည်သူ့ဆေးရုံ၌ ဘားအံပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများနှင့် သံတောင်ကြီး တိုက်နယ်ဆေးရုံမှ ဆရာဝန်၊ သူနာပြုများပါဝင်သောအဖွဲ့ ၁၀ ဖွဲ့တို့ဖြင့် ကျေးလက်နေပြည်သူများအား အခမဲ့ဆေးဝါးကုသမှုများ လစဉ်ကွင်းဆင်းကုသ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စိုက်ပျိုးထုတ်လုပ်မှုစွမ်းဆောင်ရည်ဆုနှင့် ဂုဏ်ပြုပွဲ ပုသိမ်ခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၌ ကျင်းပ

ပုသိမ် ဖေဖော်ဝါရီ ၃

ပုသိမ်ခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက မိုးစပါးသီးနှံသိပ္ပံနည်းကျ (၁၄) ချက်နှင့်အညီ စိုက်ပျိုးရာတွင် မြို့နယ်အဆင့်တွင် ဝန်ထမ်းအဆင့်ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး၊ မျိုးကောင်းမျိုးသန့် ပြောင်းလဲရေးနှင့်စာရင်းဇယားမှန်ကန်ရေး စွမ်းဆောင်ရည်ဆု ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးရုံး အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၂၉ ရက် မွန်းလွဲ ၁ နာရီကကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီး ဦးတင်စိုးက တက်ရောက်အမှာစကားပြောကြားသည်။

တင်ပြဆွေးနွေး

ထို့နောက် တိုင်းဒေသကြီး စိုက်ပျိုးရေးမန်နေဂျာ ဦးမြင့်သိန်းက လုပ်ငန်းများ တာဝန်ကျေအောင် ဆောင်ရွက်မှုကိုလည်းကောင်း၊ ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးစိုင်းကြာအုံက ခရိုင်အတွင်း စွမ်းဆောင်ရည်ဂုဏ်ပြုဆု ချီးမြှင့်ခြင်းဆိုင်ရာများ၊ ဆုရွေးချယ်ရေးလုပ်ငန်းနှင့် လယ်ယာကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှုများကိုလည်းကောင်း တင်ပြဆွေးနွေးကြသည်။

အခမ်းအနားတွင် စွမ်းဆောင်ရည်ဆုရရှိကြသူများအား ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီး ဦးတင်စိုးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(ခရိုင် ပြန်/ဆက်)**

မြဝတီရုပ်မြင်သံကြား

၄-၂-၂၀၁၂ (စနေနေ့)

နံနက်ပိုင်း

၇:၀၅	၁။	တရားတော်
၈:၀၀	၂။	မြဝတီရုပ်မြင်သံကြားသတင်း

နေ့လယ်ပိုင်း

၁၁:၂၅	၁။	ကာတွန်းအစီအစဉ် **ကြောင်ကလေးအော်ဂီနှင့် ပိုးဟပ်ရုပ်ကလေးများ** (အပိုင်း-၂၇)
၁၂:၀၀	၂။	မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် **ရင်ခုန်သံထပ်တူ** ပြေတီဦး၊သက်မွန်မြင့်နှင့် သရုပ်ဆောင်များ [ဒါရိုက်တာ-အောင်ဇပါဝါ]
၂:၀၀	၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဖြူစင်သောနှလုံးသား** (အပိုင်း-၅၆)

ညပိုင်း

၆:၀၀	၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၄၀	၂။	ထူးခြားဆန်းပြား ကမ္ဘာ့တစ်လွှား
၇:၀၀	၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကွန်ဖူးဘုရင်ဘရုစ်လီ** (အပိုင်း-၁)
၈:၀၀	၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၅။	နိုင်ငံတကာသတင်း
	၆။	မိုးလေဝသသတင်း
	၇။	လူရွှင်တော်စတား
	၈။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်ကြီး....ချစ်**(အပိုင်း-၁၂)
	၉။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အိမ်အပြန်လမ်း** (အပိုင်း-၁၁၈)

မီးဖိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ

ပြင်ဦးလွင် သုံးတောင်ကျေးရွာ အမကမူလွန်ကျောင်း ပညာရေး စုံညီ ပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပ

ပြင်ဦးလွင် ဖေဖော်ဝါရီ ၃

ပြင်ဦးလွင်မြို့နယ် သုံးတောင်ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၂ ရက် နံနက် ၉ နာရီက အဆိုပါကျောင်း၌ ကျင်းပရာ မြို့နယ်လက်ထောက်ပညာရေးမှူး ဦးသိန်းစိုး၊ ပြင်စာစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး၊ သုံးတောင်ရွာ အမက မူလွန်ကျောင်း ကျောင်းအုပ်ဆရာကြီး ဦးလိန်ထန်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က အမှာစကား ပြောကြားကြသည်။

ချီးမြှင့်ပေးအပ်

ထို့နောက် မြို့နယ်လက်ထောက်ပညာရေးမှူး ဦးသိန်းစိုးနှင့် တာဝန်ရှိသူများက ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ဘာသာရပ်အလိုက်ထူးချွန်ဆု၊ ဘက်စုံထူးချွန်ဆု၊ အတန်းအလိုက် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် အားကစားထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ပေးအပ်ကြသည်။

ဆက်လက်၍ကျောင်းဖွံ့ဖြိုးရေးအတွက် လှူဒါန်းသောငွေကျပ် သိန်း ၁၀၀ တန်ဖိုးရှိ ကျောင်းဆောင်သစ်အလှူရှင် သုံးတောင်ကျေးရွာနေ ဦးကျော်သိန်း-ဒေါ်ခင်တင့်၊ ရေသန့်စက်နှင့်အဆောက်အအုံ အလှူရှင် မန္တလေးမြို့နေ ဦးမြဇော်-ဒေါ်မီမီလွင် (ငါးပိ၊ ငံပြာရည်ပွဲရုံ) တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

မီးဘေးကြိုတင်ကာကွယ်ရေး တာမွေမြို့နယ်၌ ဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၃

တာမွေမြို့နယ်ရပ်ကွက်များအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မအူကုန်းရပ်ကွက်အတွင်းရှိ စားသောက်ဆိုင်များအတွင်း မီးသုံးစွဲမှုစနစ်တကျရှိစေရေး၊ မီးသတ်ဆေးဘူးများ ထားရှိရေးတို့နှင့် စပ်လျဉ်း၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်း၊ မအူကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးစန်းမြင့်အောင်၊ ပုဏ္ဏားကုန်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ရီ၊ မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ ဒုတိယတပ်ရင်းမှူး ဦးမြအောင်နှင့် တပ်ဖွဲ့ဝင်များ ဇန်နဝါရီ ၂၈ ရက်က ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** (ဝ၄၄)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရေတပ်ဦးစီးချုပ်အား လက်ခံတွေ့ဆုံ

ချစ်ကြည်ရေးခရီးစဉ်များသည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ဖော်ညွှန်း

နေပြည်တော် ဖေဖော်ဝါရီ ၃

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရေတပ်ဦးစီးချုပ် Vice Admiral Zahir Uddin Ahmed (ND), ndc, psc အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိတို့ နှစ်နိုင်ငံသည် အိမ်နီးချင်းကောင်း နိုင်ငံများဖြစ်ပြီး နှစ်နိုင်ငံဆက်ဆံရေးမှာလည်း ကောင်းမွန်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ဒီမိုကရေစီနိုင်ငံတော်အသစ်အဖြစ် ပြောင်းလဲချိန်မှစ၍ အပြန်အလှန် သွားရောက်ခဲ့ကြသည့် ချစ်ကြည်ရေးခရီးစဉ်များသည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ဖော်ညွှန်းသကဲ့သို့ ပိုမိုခိုင်မာသော ချစ်ကြည်ရင်းနှီးမှုကိုလည်း ဖြစ်ထွန်းစေခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့် အိမ်နီးချင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံအသီးသီးတို့နှင့် ချစ်ကြည်ရင်းနှီးမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ နိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေ နိုင်ငံတော်အခြေခံမူတွင် ပါရှိသည့်အတိုင်း စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းစဉ်ကို အဆင့်ဆင့် ကျင့်သုံးဖော်ဆောင်လျက်ရှိပါကြောင်း၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ တပ်မတော်အနေဖြင့်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအား ကမ္ဘာ့ကုလသမဂ္ဂ ငြိမ်းချမ်းရေးတည်ဆောက်မှု ကော်မရှင်ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရမှု အပေါ် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ နှစ်နိုင်ငံ တပ်မတော်များအကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရေတပ်ဦးစီးချုပ်က ပြောကြားရာတွင် မြန်မာ့တပ်မတော်က နွေးထွေးလှိုက်လှဲစွာ ကြိုဆိုညှော်ခံမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံသူ နိုင်ငံသားများ၏ နွေးထွေးပျူငှာ ဖော်ရွေမှုများကို တွေ့မြင်ခဲ့ရသကဲ့သို့ မြန်မာနိုင်ငံနှင့် နေပြည်တော်၏ ဖွံ့ဖြိုးတိုးတက်မှုများကိုလည်း မျက်မြင်ကိုယ်တွေ့ တွေ့မြင်ခဲ့ရ၍ ချီးကျူးပါကြောင်း၊ နောင်ကာလများ၌ နှစ်နိုင်ငံ ရေတပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ယခုထက်ပိုမို၍ တိုးမြှင့်ဆောင်ရွက်သွားလိုပါကြောင်း၊ ထိုသို့ ပူးပေါင်းဆောင်ရွက်မှုများသည် တစ်ဖက်နှင့် တစ်ဖက် ရေကြောင်းဆိုင်ရာ ကိစ္စရပ်များကို အပြန်အလှန်သိရှိနားလည်ခွင့် ရရှိမည်ဖြစ်ပါကြောင်း၊ ခရီးစဉ်အတွင်း သက်ဆိုင်ရာ ဌာန တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ရာတွင် နှစ်နိုင်ငံ ရေတပ်များအကြား ညှိနှိုင်းဆောင်ရွက်ရန်နှင့် ပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များကို ထည့်သွင်းဆွေးနွေးခဲ့ပါကြောင်း၊ ယခုအချိန်တွင် ဘင်္ဂလားဒေ့ရှ် တပ်မတော်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အကြီးအကဲများသည် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်မှုများကို လုပ်ဆောင်လျက်ရှိသဖြင့် နှစ်နိုင်ငံဆက်ဆံရေးသည် ပိုမိုတိုးတက် ကောင်းမွန်လာမည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရေတပ်ဦးစီးချုပ်နှင့်အတူ Commodore Commanding Chittagong ဖြစ်သူ Commodore Nizamuddin Ahmed, (TAS), ndc, psc ၊ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်သံမှူးနှင့် တာဝန်ရှိသူတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



လက်ခံတွေ့ဆုံ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရေတပ်ဦးစီးချုပ် Vice Admiral Zahir Uddin Ahmed (ND), ndc, psc အား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။
(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် သီရိလင်္ကာနိုင်ငံ လွတ်လပ်ရေးနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၄

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ကျရောက်သော သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး ပါမောက္ခဂျီအယ်လ်ပီးရီးစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)နှင့် ထိုင်းနိုင်ငံ BANSOMDEJ-CHAOPRAYA & RAJA-BHAT UNIVERSITY (BS - RU) တို့မှ နှစ်နိုင်ငံကျောင်းသားကျောင်းသူများ မိမိတို့ သင်ယူခဲ့သည့် အနုပညာများဖြင့် ဖျော်ဖြေတင်ဆက်ကြစဉ်။
(သတင်းစဉ်)

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)နှင့် ထိုင်းနိုင်ငံ တက္ကသိုလ်တို့ ဘာသာစကားနှင့် ယဉ်ကျေးမှုအနုပညာများ ပူးပေါင်းဖလှယ်

ရန်ကုန် ဖေဖော်ဝါရီ ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)နှင့် ထိုင်းနိုင်ငံ BANSOMDEJCHAOPRAYA & RAJABHAT UNIVERSITY (BSRU) တို့၏ နှစ်နိုင်ငံယဉ်ကျေးမှု ပူးပေါင်းဖလှယ်ရေး အစီအစဉ်အရ ထိုင်းနိုင်ငံ BANSOMDEJCHAOPRAYA & RAJABHAT UNIVERSITY (BSRU) တက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၂၀ ဦးတို့သည် ဇန်နဝါရီ ၂၃ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)၌ ဘာသာစကားနှင့် ယဉ်ကျေးမှုအနုပညာရပ်များကို အပြန်အလှန်ပူးပေါင်းဖလှယ် သင်ကြားခဲ့ကြသည်။

ဇန်နဝါရီ ၂၈ ရက်တွင် ရန်ကုန်မြို့တွင်း လေ့လာရေးအစီအစဉ်အဖြစ် ခြောက်ထပ်ကြီးဘုရား၊ ကျောက်တော်ကြီးဘုရား၊ ဗိုလ်တထောင်စေတီတော်နှင့် ရွှေတိဂုံစေတီတော်တို့အား သွားရောက်ဖူးမြော်ကြပြီး ဆင်ဖြူတော်နှင့် အမျိုးသားပြတိုက်တို့သို့လည်း သွားရောက်လေ့လာခဲ့ကြသည်။

ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းတွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ကုမုဒြာဆောင် မြက်ခင်းပြင်၌ မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံဖြစ်သည့် သနပ်ခါးလိမ်းခြယ်ခြင်း၊ မြန်မာ့ရိုးရာ အစားအစာများဖြစ်သည့် မုန့်လုံးရေပေါ်လုံးခြင်း၊ ထမနဲထိုးခြင်းတို့တွင် ပျော်ရွှင်စွာပါဝင်ဆောင်ရွက်ကြသည်။ မွန်းလွဲပိုင်းတွင် သရဖီဆောင် အနုပညာခန်းမ (၂)၌ နှစ်နိုင်ငံ ကျောင်းသား ကျောင်းသူများသည် မိမိတို့သင်ယူခဲ့သည့် အနုပညာများဖြင့် ဖျော်ဖြေကြပြီး ထိုင်းနိုင်ငံ BSRU တက္ကသိုလ် ပါမောက္ခချုပ်နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ဖျော်ဖြေပွဲအပြီးတွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်က BANSOMDEJCHAOPRAYA & RAJABHAT UNIVERSITY (BSRU) တက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား အမှတ်တရလက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး BSRU တက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက သင်ကြားပေးခဲ့သော ဆရာ ဆရာမများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကယားပြည်နယ်အစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၃

ကယားပြည်နယ် အစိုးရအဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၂)ကို ဇန်နဝါရီ ၂၆ ရက် နံနက် ၁၀ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

ကယားပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ကယားပြည်နယ်အတွင်း လိုက်ပါဆောင်ရွက်နေသည့်ရှေ့နေများ လုပ်ငန်းဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၇ ရက် နံနက် ၁၀ နာရီတွင် ကယားပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထို့နောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်တို့၏ နေပြည်တော်ပြည်ထောင်စုတရားလွှတ်တော်ချုပ်၌ ဇန်နဝါရီ ၁၃ ရက်တွင် ကျင်းပခဲ့သော လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံများကို ကယားပြည်နယ်အတွင်းရှိ တရားရုံးများမှ တရားသူကြီးများအား ခေတ္တတရားသူကြီးချုပ် ဦးကျော်လင်းမောင်က ထပ်ဆင့်ရှင်းလင်းဆွေးနွေးခဲ့သည်။ လွိုင်ကော်မြို့နယ် မှုံပြာကျေးရွာ ပညာအလင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်စာစောင်လှူဒါန်းပွဲကို ဇန်နဝါရီ ၃၀ ရက် နံနက် ၁၀ နာရီတွင် ကျင်းပရာ ပြည်နယ်ဝန်ကြီးများ တက်ရောက်၍ စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် စာအုပ်စာစောင်လှူဒါန်းပွဲကို မှုံပြာကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်နိုင်ဦးနှင့် အလှူရှင်များက စာအုပ်စာစောင်များနှင့် (၈-၁၀)ကူဘိုတာ မီးစက်တို့ကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပဲခူးမြို့နယ်သို့ လေ့လာရေးခရီးသွားစဉ် စာအုပ်များလှူဒါန်းပွဲကို ဇန်နဝါရီ ၂၂ ရက်က ပဲခူးမြို့နယ် ရွှေမော်ဓောစေတီတော် ဂေါပကအဖွဲ့ရုံး၌ ကျင်းပရာ အဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းဝေ (ဒါရိုက်တာ ဘုန်းဝေ)နှင့် ဒုတိယဥက္ကဋ္ဌ လေ့လာရေးအဖွဲ့ခေါင်းဆောင် ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ-တောင်တွင်းကြီး)တို့က အမှတ်တရအလံနှင့် စာအုပ်များကို ပဲခူးမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိန်လှိုင် (စိန်လှိုင် ဗိုလ်)ထံ ပေးအပ်လှူဒါန်းစဉ်။
(မြန်မာ့အလင်း)

မိဘများဖြစ်ကြသော ဦးကျော်ဇံ-ဒေါ်အေးမြိုင်တို့အား အမှူးထား၍ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်ညွန့်နွယ်မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီးအတွက် အလှူငွေနှင့် ထာဝရဆွမ်း၊ ဆေး၊ ငွေပဒေသာပင် အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးသန်းထွန်း လက်ခံစဉ်။
(ဇီဝိတဒါနသံဃာ့ဆေးရုံ)

နိုင်ငံတကာသတင်းများ

လေကြောင်းကာကွယ်ရေးဆိုင်ရာစနစ်သစ်များ အီရန်ကြည်းတပ် ထုတ်ဖော်ပြသမည်

တီဟီရန် ဖေဖော်ဝါရီ ၃

အီရန်နိုင်ငံ၏လေကြောင်းကာကွယ်ရေးစွမ်းရည်များ မြှင့်တင်ရေးအတွက် လေကြောင်းကာကွယ်ရေးစနစ်သစ်များ မကြာမီ ထုတ်ဖော်ပြသမည်ဖြစ်ကြောင်း ထိပ်တန်း အီရန်တပ်မှူးကြီးတစ်ဦးက ဖေဖော်ဝါရီ ၂ ရက်တွင် ကြေညာသည်။

ဖြန့်ကြက်ထား

အီရန်နိုင်ငံ၌ အစ္စလမ့်စ်တော်လှန်ရေးအောင်ပွဲဆင်သည့် (၃၃)ကြိမ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်ဆင်နွှဲချိန်တွင် အီရန်ကြည်းတပ်၏ ခါတမ်အယ်အင်ဘီယာ လေကြောင်းကာကွယ်ရေးစခန်းတပ်မှူး ဗိုလ်မှူးချုပ် ဖာဇက်အက်စမာလီက အထက်ပါအတိုင်းပြောကြားလိုက်ခြင်းဖြစ်သည်။ အီရန်နိုင်ငံက ယခုအချိန်အထိ ကာကွယ်ရေးကဏ္ဍတွင် ရေဒါနှင့်ဒုံးပျံစနစ်များအသုံးပြုပြီး ဖြန့်ကြက်ထားကြောင်း **(အောက်ပုံ)**၊ ထို့ပြင် အသစ်ထုတ်လုပ်သည့် ရေဒါနှင့် ဒုံးပျံစနစ်များကိုလည်း အောင်ပွဲဆင် အခမ်းအနား ၁၀ ရက် ကျင်းပချိန်အတွင်း ထုတ်ဖော်ပြသသွားမည်ဖြစ်ကြောင်း ဗိုလ်မှူးချုပ် ဖာဇက်အက်စမာလီက ပြောကြားသည်။ **(အင်တာနက်)**



နေစကြဝဠာအပြင်ဘက်၌ ဂြိုဟ်သစ် ၁၁ လုံးတွေ့ရှိ

ဝါရှင်တန် ဖေဖော်ဝါရီ ၃

နေစကြဝဠာအပြင်ဘက်၌ ဂြိုဟ်အသစ် ၁၁ လုံးကို နာဆာ၏ကီပလာ အာကာသ အဝေးကြည့်မှန်ပြောင်းဖြင့် သုတေသနပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ရာ နေစကြဝဠာအပြင်ဘက်တွင် စုစုပေါင်း ဂြိုဟ်သစ် ၂၆ လုံးတွေ့ရှိပြီဖြစ်ကြောင်း နာဆာက ဖေဖော်ဝါရီ ၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ပြောကြား

ယခုတွေ့ရှိရသည့် ဂြိုဟ်သစ်များ၏ အရွယ်အစားမှာ ကမ္ဘာဂြိုဟ်၏ အချင်းထက် ၁ ဒသမ ၅ ဆမှ ငါးဆအထိ ပိုမိုကြီးမားကြောင်း၊ ၎င်းတို့သည် သောကြာဂြိုဟ် အရွယ်အစားနီးပါးရှိကြောင်း နာဆာသုတေသနပညာရှင်များက ပြောကြားသည်။

အချို့ဂြိုဟ်သစ်များ၏ အရွယ်အစားမှာ နေဂြိုဟ်ခန့်ရှိသည်။ နာဆာ၏ ကီပလာအာကာသ အဝေးကြည့်မှန်ပြောင်းသည် နေဂြိုဟ်ကိုလည်း အနီးကပ်လေ့လာနိုင်သည်။

ကီပလာအာကာသအဝေးကြည့်မှန်ပြောင်းဖြင့် နေစကြဝဠာအတွင်းအပြင်၌ ဂြိုဟ်သစ်ပေါင်း ၆၀ ခန့်ရှာဖွေတွေ့ရှိခဲ့ပြီးဖြစ်သည်။ **(အပေါ်ပုံ)**

(အင်တာနက်)

ကိုယ်အလေးချိန် ၁၃ ပေါင် ၁၃ အောင်စရှိကလေး ခွဲမွေးခြင်းမပြုဘဲ သဘာဝအတိုင်း မွေးဖွား

နယူးယောက် ဖေဖော်ဝါရီ ၃

အမေရိကန်နိုင်ငံ အိုင်အိုဝါပြည်နယ် ဒက်စ်မွိုင်းမြို့ရှိ မာစီဆေးရုံတွင် ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးသည် ကိုယ်အလေးချိန် ၁၃ ပေါင် ၁၃ အောင်စရှိ အလွန်ဖွံ့ထွားသော ကလေးငယ်တစ်ဦးကို ခွဲစိတ်မှုမပြုဘဲ သဘာဝအတိုင်းမွေးဖွားခဲ့သည်။

ယောကျ်ားလေးတစ်ဦးဖြစ်သည့် ထိုကလေးငယ်၏အရပ်အမြင့်မှာ ၅၉ ဒသမ ၇ စင်တီမီတာရှိသည်။ မိဘဖြစ်သူတို့က သူတို့၏ရင်သွေးငယ်ကို အက်ရှာစတီးဝပ်ဆင်ဟု အမည်မှည့်ခေါ်ခဲ့ကြသည်။ **(ယာပုံ)**

ကလေးငယ်အက်ရှာ၏ မိခင်ဖြစ်သူ ကင်ဒဲလ်စတီးဝပ်ဆင်သည် ထုံဆေးထိုးခံခြင်းမရှိဘဲ ခြောက်နာရီကြာမျှ သားဖွားခြင်းဝေဒနာကို ကြိတ်မှိတ်ခံစားကာ မွေးဖွားခဲ့ရခြင်းဖြစ်သည်။ လွန်ခဲ့သော ၁၅ လက ကင်ဒဲလ်စတီးဝပ်ဆင်သည် အက်ရှာလေး၏ အစ်ကိုဖြစ်သူ ဂျေဒ့်စ်ကို မွေးဖွားထားသူဖြစ်သည်။ ဂျေဒ့်စ်လေးမှာလည်း မွေးကင်းစ ကိုယ်အလေးချိန် ၁၁ ပေါင် ၉ အောင်စ ရှိသည်။

မွေးဖွားခဲ့

မွေးစကလေးငယ်များ၏ ကိုယ်အလေးချိန် ၁၁ ပေါင်ထက် ပိုလွန်ရန်မှာ တစ်ရာခိုင်နှုန်း၏ ဆယ်ပုံတစ်ပုံသာရှိကြောင်း မာစီဆေးရုံမှတာဝန်ရှိသူများက ပြောကြားသည်။ ကင်ဒဲလ်တို့လင်မယားနှစ်ဦးသည် အက်ရှာလေးကိုမွေးဖွားရာတွင် ခွဲမွေးခြင်းမပြုရန် နှစ်ဦးသဘောတူဆုံးဖြတ်ကြပြီး ယခုကဲ့သို့ သဘာဝမွေးရိုးမွေးစဉ်အတိုင်း မွေးဖွားခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းပဒေသာအတိုအထွာ ၃-၂-၂၀၁၂

➤➤ တင်မောင်လွင် – စုစည်းသည် ➤➤

ဂျပန်တွင် နှင်းမုန်တိုင်းတိုက်ခတ်၊ သေဆုံးသူ ၅၆ ဦးအထိရှိ

ဂျပန်နိုင်ငံမြောက်ပိုင်းဒေသများတွင် ရက်သတ္တပတ်ပေါင်းများစွာ ဆီးနှင်းများထူထပ်စွာကျဆင်းပြီး ကြီးမားသောနှင်းမုန်တိုင်းများ အဆက်မပြတ်ဖြစ်ပေါ်မှုကြောင့် လူ ၅၆ ဦးသေဆုံးကာ ၆၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူများက ဖေဖော်ဝါရီ ၂ ရက်၌ ပြောကြားသည်။

နိုင်ငံအနောက်ပိုင်းကမ်းခြေဒေသရှိ အချို့ဒေသများတွင် နှင်းပုံကြီးများ ၁၀ ပေအထိရှိကြောင်း၊ ယင်းနှင်းမုန်တိုင်းသည် ခြောက်နှစ်တာကာလအတွင်း အဆိုးရွားဆုံးမုန်တိုင်းဖြစ်ကြောင်း၊ ယင်းဒေသရှိ မြို့များသို့ ဆက်သွယ်ထားသည့် သံမဏိတံတားတစ်စင်း ပြိုကျမှုကြောင့် မြို့အတွင်းရှိ စာသင်ကျောင်းများလည်း ပိတ်ထားခဲ့ရကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။ သေဆုံးသူများတွင် လူ ၄၃ဦးမှာ လမ်းမများပေါ်ရှိ နှင်းထုများကို ဖယ်ရှားရှင်းလင်းမှုပြုစဉ် နှင်းကိုက်သည့်ဝေဒနာကြောင့် သေဆုံးခဲ့ကြခြင်းဖြစ်သည်။ နှင်းထုပြိုကျခြင်းကြောင့်လည်း သေဆုံးမှုများဖြစ်ပေါ်ရကြောင်း သတင်းတွင် ဖော်ပြသည်။

တရားမဝင် ဝင်ရောက်လာသူ ၃၄ ဦး တရုတ်ရဲတပ်ဖွဲ့ ဖမ်းဆီးရမိ

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်စီကျိူ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် တရားမဝင် ဝင်ရောက်လာသည့် ဗီယက်နမ်နိုင်ငံသား ၃၄ ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ဖေဖော်ဝါရီ ၂ ရက်တွင် ပြောကြားသည်။

ဇန်နဝါရီ ၃၁ ရက် ည ၉နာရီ မိနစ် ၄၀ ဝန်းကျင်က ဘတ်စ်ကားတစ်စီးသည် ခရီးသည်များစုဆောင်းရန် အဝေးပြေးလမ်းမတစ်နေရာတွင် တရားမဝင်ရပ်ထားစဉ် ဖန်ချန်ဂန်မြို့ရဲတပ်ဖွဲ့မှ စစ်ဆေးမှုများပြုလုပ်ရာ ဘတ်စ်ကားပေါ်လိုက်ပါသူခရီးသည် ၃၄ ဦးအနက် တရုတ်နိုင်ငံအတွင်း တရားမဝင် ဝင်ရောက်လာသည့် ဗီယက်နမ်နိုင်ငံသား ၃၄ ဦးအား တွေ့ရှိခဲ့ခြင်းဖြစ်သည်။ တရားမဝင် ဝင်ရောက်လာသူများအား ဗီယက်နမ်နိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးမည်ဖြစ်ကြောင်း၊ အဆမတန်တင်ဆောင်မှုနှင့် တရားမဝင်ရပ်နားထားမှုအတွက် ဘတ်စ်ကားမောင်းသူမှာ တရားရင်ဆိုင်ရဖွယ်ရှိကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က ပြောကြားသည်။

ဗင်နေဇွဲလားနိုင်ငံတွင် အင်အားပြင်းငလျင်လှုပ်

ဗင်နေဇွဲလားနိုင်ငံတွင် ဖေဖော်ဝါရီ ၂ ရက် ည ၉ နာရီ ၃၄ မိနစ်က အင်အားရစ်ချ်တာစကေး ၇ ဒသမ ၀ အဆင့်ရှိ အင်အားပြင်းငလျင်တစ်ခုလှုပ်သွားကြောင်း တရုတ် မြေငလျင်တိုင်းတာရေးဌာနက သတင်းထုတ်ပြန်သည်။ အဆိုပါ မြေငလျင်သည် တောင်လတ္တီတွဒ် ၁၇ ဒသမ ၇ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၁၆၇ ဒသမ ၂ ဒီဂရီအကြား၊ မြေအောက် ၁၀ ကီလိုမီတာအနက်၌ ဗဟိုပြုလှုပ်ခဲ့ခြင်းဖြစ်သည်။

ကိုလံဘီယာတွင် မော်တော်ဆိုင်ကယ်ဗုံးဖောက်ခွဲတိုက်ခိုက်

ကိုလံဘီယာနိုင်ငံတွင် မော်တော်ဆိုင်ကယ်ဗုံးဖောက်ခွဲတိုက်ခိုက်မှုတစ်ခုဖြစ်ပွားပြီး အနည်းဆုံး လူငါးဦးသေဆုံးကာ ၂၀ ဒဏ်ရာရရှိခဲ့ကြောင်း ဖေဖော်ဝါရီ ၂ ရက် အင်တာနက်သတင်းတွင်ဖော်ပြသည်။ နိုင်ငံတောင်ပိုင်း နာရီနိုပြည်နယ် တူမာကိုမြို့ ပစိဖိတ်ကမ်းခြေရှိ ရဲစခန်းတစ်ခုအနီး ဖေဖော်ဝါရီ ၁ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီဝန်းကျင်က မော်တော်ဆိုင်ကယ်ဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ယင်းတိုက်ခိုက်မှုကြောင့် အရပ်သားသုံးဦးနှင့် ရဲအရာရှိနှစ်ဦး သေဆုံးခဲ့ကြောင်း အမျိုးသားပြည်သူ့လုံခြုံရေး ညွှန်ကြားရေးမှူး ရိုဒိုလ်ဖိုပလိုမီနိုက ဘိုဂိုတာမြို့တွင် သတင်းထောက်များအား ပြောကြားခဲ့သည်။ ယင်းတိုက်ခိုက်မှုသည် ကိုလံဘီယာ အစိုးရတပ်ဖွဲ့အား တော်လှန်ပုန်ကန်နေသည့် လက်နက်ကိုင်ဆန့်ကျင်ရေးအုပ်စုမှ အဖွဲ့ဝင်များဖြစ်သည်ဟု ၎င်းက ပြစ်တင်ဝေဖန်ခဲ့သည်။ (အင်တာနက်)

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် – စုစည်းသည်

ပါပူဝါနယူးဂီနီကမ်းလွန်၌ ခရီးသည်တင်ရေယာဉ်နစ်မြုပ်

ဆစ်ဒနီ ဖေဖော်ဝါရီ ၃

ပါပူဝါနယူးဂီနီနိုင်ငံအရှေ့ဘက် ကမ်းလွန်တွင် ခရီးသည် ၃၅၀ ကျော် တင်ဆောင်မောင်းနှင်လာသော ခရီးသည်တင်သင်္ဘောတစ်စင်းသည် ဖေဖော်ဝါရီ ၂ ရက်က နစ်မြုပ်ခဲ့ရာ ဩစတြေးလျအာဏာပိုင်များက ကယ်ဆယ်ရေးလုပ်ငန်းများကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းထုတ်ပြန်သည်။

ဩစတြေးလျနိုင်ငံမှ ကယ်ဆယ်ရေးရေယာဉ်ငါးစင်းနှင့်အတူ ကယ်ဆယ်ရေးအဖွဲ့ဝင်စုစုပေါင်း ၂၃၈ ဦးပါရှိသည့်အဖွဲ့ကို သင်္ဘောနစ်မြုပ်ရာအရပ်သို့ စေလွှတ်လိုက်ပြီဖြစ်ရာ ပထမဆုံးကယ်ဆယ်ရေးရေယာဉ်မှာ ဖေဖော်ဝါရီ ၃ ရက် နံနက် ၁ နာရီ၌ အဆိုပါနေရာသို့ရောက်ရှိခဲ့ပြီဖြစ်သည်။ကယ်ဆယ်ရရှိသော ခရီးသည်များကို ပါပူဝါနယူးဂီနီနိုင်ငံ လာအီဆိပ်ကမ်းသို့ သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။ အချို့သင်္ဘောများက ခရီးသည်များအား ရှာဖွေမှုများပြုလုပ်လျက်ရှိသည်။ **(အောက်ပုံ)**

ထို့အပြင် အခြားရေယာဉ်သုံးစင်းကလည်း ရဟတ်ယာဉ်လေးစင်း အကူအညီဖြင့် ရှာဖွေမှုများ ပူးတွဲဆောင်ရွက်လျက်ရှိသည်။ ၎င်းသင်္ဘောပေါ်တွင် ခရီးသည် ၃၅၀ နှင့် သင်္ဘောဝန်ထမ်း ၁၂ ဦးလိုက်ပါလာခြင်းဖြစ်သည်။ **(အင်တာနက်)**

ပြည်တွင်းလုပ်ဂြိုဟ်တုတစ်လုံး အီရန်လွှတ်တင်

တီဟီရန် ဖေဖော်ဝါရီ ၃

အီရန်နိုင်ငံက ပြည်တွင်းလုပ် သုတေသနဂြိုဟ်တုတစ်လုံးကို ဖေဖော်ဝါရီ ၃ ရက်က အောင်မြင်စွာလွှတ်တင်လိုက်ကြောင်း အီရန်နိုင်ငံ ပရက်စ်တီဗွီ သတင်းဌာနက သတင်းထုတ်ပြန်သည်။

ထုတ်ပြန်ပေး

နာဗစ်ဟု အမည်ပေးထားသော အဆိုပါဂြိုဟ်တု **(ယာပုံ)**သည် အလေးချိန် ကီလိုဂရမ် ၅၀ ရှိပြီး ကမ္ဘာမြေမှ ကီလိုမီတာ ၂၅၀ မှ ၃၇၅ ကီလိုမီတာခန့်အကြား ရှိဝေဟင်၌ ရွေ့လျားကာ သတင်းဓာတ်ပုံများကို ရယူထုတ်ပြန်ပေးမည်ဖြစ်သည်။

ထုတ်လုပ်ထား

အဆိုပါဂြိုဟ်တုကို တီဟီရန်မြို့ရှိ သိပ္ပံနှင့်နည်းပညာတက္ကသိုလ်မှ ပညာရှင်များက ဒီဇိုင်းရေးဆွဲထုတ်လုပ်ထားခြင်းဖြစ်သည်ဟု ၎င်းတက္ကသိုလ်အကြီးအကဲ ဂျာဘာလာမီလီက ပြောကြားသည်။

အီရန်နိုင်ငံသည် အာကာသအား ငြိမ်းချမ်းစွာ အသုံးပြုရေးဆိုင်ရာ ကုလသမဂ္ဂ၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်။ အီရန်နိုင်ငံသည် ၂၀၀၉ ခုနှစ်က သတင်းအချက်အလက်များ ထုတ်ပြန်ရေးဆိုင်ရာ ပြည်တွင်းလုပ်ဂြိုဟ်တုတစ်လုံးကို ပထမဆုံးလွှတ်တင်ခဲ့သည်။ **(အင်တာနက်)**

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း၌ ရထားနှင့်ယန္တရားယာဉ် တိုက်မှုဖြစ်ပွား

နယူးဒေလီ ဖေဖော်ဝါရီ ၃

အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်း ဂူဝါဟာတီပြည်နယ်တွင် ဖေဖော်ဝါရီ ၃ ရက် နံနက်က ခရီးသည်တင် ရထားတစ်စင်းနှင့် လမ်းဆောက်လုပ်ရေးယန္တရားယာဉ်တစ်စီးတို့ တိုက်မှုဖြစ်ပွားခဲ့ရာ ၁၅ ဦးသေဆုံးပြီး ၅၀ ကျော်ဒဏ်ရာရရှိခဲ့ကြောင်း အိန္ဒိယအရာရှိများက သတင်းထုတ်ပြန်သည်။

တိုက်မိခဲ့

ခရီးသည်တင်ရထားသည် အာသံပြည်နယ် နယူးဘွန်ဂိုင်ဂါအွန်ဘူတာရုံမှ ဂူဝါဟာတီပြည်နယ်သို့ ခုတ်မောင်းလာစဉ် ဂူဝါဟာတီပြည်နယ်မြို့ဖြစ်သည့် ဂူဝါဟာတီမြို့မှ ၁၅ ကီလိုမီတာကွာဝေးသော မီရာဇာမြို့၌ အဆိုပါယန္တရားယာဉ်တစ်စီးဖြင့် တိုက်မိခဲ့ခြင်းဖြစ်သည်။

အဆိုပါမတော်တဆဖြစ်မှုကြောင့် ရထားတွဲအချို့လမ်းချော်မှုဖြစ်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ **(အင်တာနက်)**

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၃

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာသည် ယနေ့မွန်းလွဲ ၁နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး မြန်မာ-တရုတ် နှစ်နိုင်ငံ ဆက်ဆံရေးမြှင့်တင်ရေးနှင့် နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ကျော်ကျော်ထွန်း၊ ရုံးအဖွဲ့မှူး ဦးပြုံးချိုနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာလီကျွင်းဟွာ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

အာဆီယံ-ဩစတြေးလျ အာရှအမြင်ချင်းဖလှယ်ဆက်သွယ်ဆွေးနွေးပွဲကျင်းပ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဖေဖော်ဝါရီ ၃

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာနနှင့် ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းတက္ကသိုလ် Asialink တို့ ပူးပေါင်းကျင်းပသည့် အာဆီယံ-ဩစတြေးလျ အာရှအမြင်ချင်းဖလှယ် ဆက်သွယ်ဆွေးနွေးပွဲကို ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ရန်ကုန်မြို့ရှိ အာဆီယံနိုင်ငံများ၊ ဩစတြေးလျနိုင်ငံနှင့် ဂျပန်နိုင်ငံ သံရုံးတို့မှ သံအမတ်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များတက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲသို့ အာဆီယံ၊ ဩစတြေးလျနှင့် ဂျပန်နိုင်ငံတို့မှ အစိုးရ ပညာရှင်နှင့် စီးပွားရေးကဏ္ဍများမှ ကိုယ်စားလှယ် ၆၀ တက်ရောက်ကြပြီး မြန်မာနိုင်ငံနှင့်ဒေသတွင်းနိုင်ငံရေး၊စီးပွားရေး၊ ငွေကြေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ သမိုင်းအမွေအနှစ် (Cultural Heritage) နှင့် နိုင်ငံထူထောင်မှု (nation building) တို့ အပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲကို မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာနက အာဆီယံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာနများ ကိုယ်စားအိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်း ဖြစ်သည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အာဆီယံ-ဩစတြေးလျ အာရှအမြင်ချင်းဖလှယ်ဆက်သွယ်ဆွေးနွေးပွဲ၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စာပေမြင့်မှ လူမျိုးတင့်မည်

မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ အင်းစိန်ဗဟိုအကျဉ်းထောင်သို့ သွားရောက်၍ အကျဉ်းသားအချို့နှင့်တွေ့

ရန်ကုန် ဖေဖော်ဝါရီ ၃

မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Tomas Ojea Quintana နှင့်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ အင်းစိန်ဗဟိုအကျဉ်းထောင်သို့ သွားရောက်ပြီး အကျဉ်းသားနှစ်ဦးနှင့် အချုပ်သားတစ်ဦးတို့အား တွေ့ဆုံသည်။

Mr.Tomas Ojea Quintana နှင့်အဖွဲ့သည် ညနေ ၃နာရီခွဲတွင် တက္ကသိုလ်ရိပ်သာလမ်းရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်သို့သွားရောက်၍ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံကြသည်။ **(သတင်းစဉ်)**

ရေကြောင်းသတိပေးချက် ထုတ်ပြန်

နေပြည်တော် ဖေဖော်ဝါရီ ၃

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများ၌ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-3 နှင့် M-9 တို့တွင် Geophysical Site Investigation (GSI) Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV- GENESIS ဖြင့် ဖေဖော်ဝါရီ ၉ ရက်မှ မတ် ၉ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

Geophysical Site Investigation (GSI) Survey တိုင်းတာရေးလုပ်ငန်းများဆောင်ရွက်မည့် မုတ္တမကမ်းလွန် လုပ်ကွက်အမှတ် M-3 နှင့် M-9 တို့၏ တည်နေရာဧရိယာများမှာ Block M-3 တွင် Point A မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၃၀မိနစ် ၃၁ဒသမ ၂၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၁ မိနစ် ၄၄ ဒသမ ၉၅ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၃၀ မိနစ် ၃၃ ဒသမ ၀၂စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ဒီဂရီ ၂၀မိနစ် ၅၇ ဒသမ၀၈စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၂၃မိနစ် ၅၇ ဒသမ ၆၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၀ မိနစ် ၅၈ ဒသမ ၃၂ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၂၃ မိနစ် ၅၅ ဒသမ ၇၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၁ မိနစ် ၄၆ ဒသမ ၄၈ စက္ကန့် အတွင်းတွင် လည်းကောင်း၊ Block M-9 (Zawtika Project)တွင် Point A မြောက်လတ္တီတွဒ် ၁၄ဒီဂရီ၂၅ မိနစ် ၅၆ ဒသမ ၇၇စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၆ မိနစ် ၀၈ ဒသမ ၈၅စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၅ မိနစ် ၅၇ ဒသမ ၁၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၄ မိနစ် ၅၇ ဒသမ ၂၆ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၄ဒီဂရီ ၀၀ မိနစ် ၀၉ ဒသမ ၅၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၄မိနစ် ၅၆ဒသမ ၇၀စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၄ဒီဂရီ ၀၀ မိနစ် ၀၉ ဒသမ ၁၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၆ မိနစ် ၁၀ဒသမ ၄၂ စက္ကန့်အတွင်းတွင် လည်းကောင်း ဖြစ်သည်။

သို့ဖြစ်၍ မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-3 နှင့် M-9 တို့တွင် Geophysical Site Investigation (GSI) Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV- GENESIS ဖြင့်ဆောင်ရွက်နေစဉ် ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်ပိုင်းဒေသများ မိုးဆက်လက်ရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၃

ယနေ့နံနက်၉နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ပဲခူးတိုင်းဒေသကြီးတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၆ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် -၁ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့နှင့် ဟဲဟိုးမြို့တို့တွင် ၃ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာလောင်းလုံမြို့တွင် ၀ ဒသမ ၅၉ လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများ တိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ရုပ်မြင်သံကြား

၄-၂-၂၀၁၂ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၃၀ ၂။ နံနက်ခင်းသတင်း
၇:၅၀ ၃။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈:၁၀ ၄။ (၆၅)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈:၄၀ ၅။ **International News**
၈:၄၅ ၆။ တေးဂီတအစီအစဉ်

နေ့လယ်ပိုင်း

၁၁:၅၀ ၁။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၄:၀၀ ၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရဲရုံထောက်ဘတ်ရောင်ဝွန်း** (အပိုင်း-၄၆)
၁၄:၅၀ ၃။ **International News**

ညပိုင်း

၄:၁၀ ၁။ တေးဂီတအစီအစဉ်
၄:၄၀ ၂။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -စတုတ္ထနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၅:၀၅ ၃။ **International Science News**
၅:၄၀ ၄။ သံခေတ်ယဉ်ကျေးမှုဆိုင်ရာ အထောက်အထားကြို့ကုန်းကျေးရွာမှ ကျောက်ဖြစ်ရုပ်ကြွင်းများ
၆:၀၀ ၅။ ညနေခင်းသတင်း
၆:၁၅ ၆။ မိုးလေဝသအခြေအနေ
၆:၄၅ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်ချိုချိုကြင်နာပို**(အပိုင်း-၁၀)
၇:၄၀ ၈။ **ဧရာဝတီအတွက် နောက်ထပ်တံတားတစ်စင်း** (အပိုင်း-၁)
၈:၀၀ ၉။ ပြည်တွင်းသတင်း
၁၀။ နိုင်ငံတကာသတင်းများ
၁၁။ မိုးလေဝသအခြေအနေ
၁၂။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (ဒုတိယတွဲ) (အပိုင်း-၈၈)
၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကြယ်ပွင့်လေးရဲ့ ဒိုင်ယာရီ** (အပိုင်း-၁၁)

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် အမှတ် ၂၀၇ ပန်းဆိုးတန်းလမ်းနေ ကွယ်လွန်သူ ဒေါ်ခင်ရွှေအားရည်စူး၍ ဦးထွန်းသိန်း(သဇင်မိတ္တူ)နှင့် သားသမီးများက ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် ၁၀ သိန်းလှူဒါန်းရာ သူနာပြုအုပ် ဒေါ်မြင့်မြင့်မေ လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

ဇန်နဝါရီ ၂၇ ရက်က လှိုင်မြို့နယ် အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်း ထ/ခွဲလှိုင်၏ ၂၀၁၀-၂၀၁၁ပညာသင်နှစ် မိဘဆရာအသင်းဘက်စုံပညာရည်ချွန်ဆုပေးပွဲကျင်းပရာ တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးရရှိသော မောင်ကျင်ရှင်းဒါလ်အား မြို့နယ်ပညာရေးမှူး ဦးထန်ရှင်းမုန် ဆုချီးမြှင့်စဉ်။ (၁၂၂)

အစိမ်းရောင်စီးပွားရေးဆီသို့ - ၃

အငြိမ်းစားပါမောက္ခချုပ် ဦးဝင်းကြည် (သစ်တောတက္ကသိုလ်)

တောင်အာဖရိကနိုင်ငံ ဒါဗန် (Durban)မြို့၌ ၂၀၁၁ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလများအတွင်း ကျင်းပခဲ့သော ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကုလသမဂ္ဂ ဆွေးနွေးပွဲ (COP 17 - Conference of the Parties 17)မှ ကျိုတိုသဘောတူညီချက်ကို နောက်ထပ် (၅)နှစ် သက်တမ်းတိုးရန် တက်ရောက်ခဲ့သည့် နိုင်ငံများက သဘောတူညီခဲ့ကြကြောင်း ဝမ်းမြောက်ဖွယ်ကြားသိခဲ့ရပါသည်။

ရာသီဥတု ပြောင်းလဲဖောက်ပြန်မှုများကို တိုက်ဖျက်ရေးအတွက် မှန်လုံအိမ်ဓာတ်ငွေ့ (Greenhouse Gases - GHGs) ထုတ်လွှတ်မှုလျှော့ချရန် ၁၉၉၇ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့က ဂျပန်နိုင်ငံ ကျိုတိုမြို့တွင် "ကျိုတို သဘောတူညီချက်"- "Kyoto Protocol" ကို ကမ္ဘာ့နိုင်ငံအများ စုပေါင်း၍ ပြဋ္ဌာန်းနိုင်ခဲ့ပြီး ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်နေ့မှစတင်၍ အသက်ဝင်ခဲ့ပါသည်။ ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့အထိ နိုင်ငံပေါင်း ၁၉၁ နိုင်ငံက ပါဝင်လက်မှတ်ရေးထိုးပြီး ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ၂၀၀၃ ခုနှစ် ဩဂုတ်လ ၁၃ ရက်နေ့က ယင်းသဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပါသည်။

သဘောတူလက်မှတ်ရေးထိုးပြီးနိုင်ငံများအနက် ဖွံ့ဖြိုးပြီးနိုင်ငံ ၂၆ နိုင်ငံနှင့် စီးပွားရေးအသွင်ကူးပြောင်းဆဲနိုင်ငံများ (Countries with Economics in Transition -EITS) ၁၃ နိုင်ငံ ပေါင်း ၃၉ နိုင်ငံကို Annex I Parties ဟုသတ်မှတ်ပြီး ကျန်ဖွံ့ဖြိုးဆဲနိုင်ငံများကို Non-Annex I Parties ဟု သတ်မှတ်ထားပါသည်။ Annex I နိုင်ငံများအဖြစ် သတ်မှတ်ခံရသည့် နိုင်ငံများသည် ၁၉၉၀ ပြည့်နှစ်က ယင်းတို့ထုတ်လွှတ်ခဲ့သော GHGs ပမာဏ၏ ၅ ဒသမ ၂ ရာခိုင်နှုန်း လျှော့ချကြရမည်ဖြစ်ပါသည်။ သတ်မှတ်ကာလမှာ ၂၀၀၈ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ဖြစ်ပါသည်။ Non-Annex I Parties တွင် ပါဝင်သော နိုင်ငံများအနေဖြင့်မူ GHGs ထုတ်လွှတ်မှုလျှော့ချရန် တာဝန်မရှိပါ။ အင်အားကြီး စက်မှုနိုင်ငံကြီး နှစ်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများအဆင့်တွင်သာရှိသဖြင့် မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချရန် တာဝန်မရှိသေးပါ။ လျှော့ချရမည့် မှန်လုံအိမ်ဓာတ်ငွေ့ (၆)မျိုးမှာ - ကာဗွန်ဒိုင်အောက်ဆိုက် (CO_2)၊ မီသိန်း (CH_4)၊ နိုက်ထရပ်စ်အောက်ဆိုက် (N_2O)၊ ဟိုက်ဒရိုဖလူအိုရိုကာဗွန် (Hydro-Fluoro-Carbons-HFCs)၊ ပါဖလူအိုရိုကာဗွန် (Perfluoro-Carbons-PFCs) နှင့် ဆာလ်ဖာဟက်ဆာဖလူအိုရိုက် (Sulphur hexafluoride-SF_6) တို့ ဖြစ်ကြပါသည်။

ကျိုတို သဘောတူညီချက်ကို နောက်ထပ် (၅)နှစ်သက်တမ်းတိုးမည့် သဘောတူညီမှုရရှိသည့်သတင်းကို ကြားသိရပြီး မရှေးမနှောင်းမှာပင် ကနေဒါနိုင်ငံသည် ကျိုတိုသဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးထားခြင်းမှ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့က နုတ်ထွက်လိုက်ကြောင်း အံ့ဩဖွယ်ကြားသိရပါသည်။ ယင်းနိုင်ငံအနေဖြင့် ၂၀၁၂ ခုနှစ် ကုန်ဆုံးသည့်အခါတွင် မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို ဝန်ခံချက်အတိုင်း မလျှော့ချနိုင်ပါက အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၆ ဘီလီယံ လျော်ကြေးပေးရမည်ဖြစ်ကြောင်း၊ GHGs ထုတ်လွှတ်မှုကို ၁၉၉၀ ပြည့်နှစ်က ထုတ်လွှတ်မှုထက် ၆ ရာခိုင်နှုန်း လျှော့ချရန် ဝန်ခံခဲ့သော်လည်း ၂၀၀၉ ခုနှစ်အတွင်းက GHGs ထုတ်လွှတ်မှုသည် ၁၉၉၀ ပြည့်နှစ်ကထက် ၁၇ ရာခိုင်နှုန်းတိုင် ပိုမိုမြင့်တက်နေသဖြင့် ယခုကဲ့သို့ ကြိုတင်၍ နုတ်ထွက်သွားခြင်းဖြစ်ကြောင်း၊ ကနေဒါနိုင်ငံသည် ကျိုတိုသဘောတူညီချက်မှ ပထမဦးဆုံးနုတ်ထွက်သည့် နိုင်ငံဖြစ်ကြောင်း သိရှိရပါသည်။

တစ်ဆက်တည်းမှာပင် ကမ္ဘာပေါ်တွင် အင်အားအကြီးဆုံးနိုင်ငံကြီးဖြစ်သည့် အမေရိကန်ပြည်ထောင်စုက ယခုအချိန်ထိ ကျိုတိုသဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးခြင်းမရှိသည့် အကြောင်းရင်းကို သိရှိလိုသဖြင့် လက်လှမ်းမီသမျှ စာအုပ်စာတမ်းများနှင့် အင်တာနက်သတင်းများကို ရှာဖွေလေ့လာခဲ့ပါသည်။

အမေရိကန်ပြည်ထောင်စု၌ အသုံးပြုလျက်ရှိသည့် လျှပ်စစ်ဓာတ်အားပမာဏ စုစုပေါင်း၏ ထက်ဝက်ခန့်ကို ကျောက်မီးသွေးဓာတ်အားပေးစက်ရုံ (Coal Power Plant)များမှ ရရှိနေခြင်းဖြစ်ပြီး တစ်နိုင်ငံလုံးကာဗွန်ထုတ်လုပ်မှု စုစုပေါင်း၏ ၃၀ ရာခိုင်နှုန်းခန့်သည် ယင်းစက်ရုံများမှ ထုတ်လွှတ်နေခြင်းဖြစ်ကြောင်း၊ ၂၀၀၉ ခုနှစ်က လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရာတွင်သုံးစွဲခဲ့သော လောင်စာအမျိုးမျိုး၏ ရာခိုင်နှုန်းများမှာ ကျောက်မီးသွေး - ၄၄ ဒသမ ၈၊ သဘာဝဓာတ်ငွေ့ - ၂၃ ဒသမ ၄၊ နျူကလီးယားစွမ်းအင် - ၂၀ ဒသမ ၃၊ ရေအားစွမ်းအင် - ၆ ဒသမ ၉၊ ပြန်ပြည့်မြဲစွမ်းအင်များ (နေရောင်ခြည်စွမ်းအင်၊ လေအားစွမ်းအင်၊ ဘူမိအပူစွမ်းအင်၊ ဇီဝလောင်စာစသည်များ) - ၃ ဒသမ ၆ နှင့် ဓာတ်ဆီ ၁ ရာခိုင်နှုန်း အသီးသီးရှိကြသဖြင့် အမေရိကန်ပြည်ထောင်စု၌ပင်လျှင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရာတွင် ကျောက်မီးသွေးလောင်စာကို အဓိက အားထားနေရပါသည်။

၂၀၀၆ ခုနှစ်က ကမ္ဘာ့လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရာတွင် လောင်စာအမျိုးမျိုးနှင့် စွမ်းအင်အမျိုးမျိုးအလိုက် သုံးစွဲလျက်ရှိသော ရာခိုင်နှုန်းများမှာ ကျောက်မီးသွေး ၄၁၊ သဘာဝဓာတ်ငွေ့ ၂၀၊ ရေအားစွမ်းအင် ၁၆၊ နျူကလီးယားစွမ်းအင် ၁၅၊ ဓာတ်ဆီဒီဇယ် ၆ နှင့် နေရောင်ခြည်စွမ်းအင်၊ လေအားစွမ်းအင်၊ ဘူမိအပူစွမ်းအင်၊ ဇီဝလောင်စာ၊ အမှိုက် စသည်များ ၂ ရာခိုင်နှုန်း အသီးသီးရှိကြသဖြင့် ကျောက်မီးသွေးလောင်စာသည် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရာတွင် အဓိကကဏ္ဍမှ ပါဝင်လျက်ရှိသည်မှာ ထင်ရှားကြောင်း၊ ထို့ပြင် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုတွင် ကျောက်မီးသွေးသုံးစွဲမှုသည် ဆက်လက်၍ များပြားနေဦးမည်ဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်သို့ ရောက်ရှိသည့်တိုင် ကမ္ဘာ့လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု၏ ၄၄ ရာခိုင်နှုန်းကို ကျောက်မီးသွေးလောင်စာမှပင် ထုတ်လုပ်ရဦးမည်ဖြစ်ကြောင်း၊ ကျောက်မီးသွေးသုံးစွဲမှုသည် ၂၀၀၆ ခုနှစ်က မက်ထရစ်တန် ၆ ဒသမ ၁၂၅ ဘီလီယံရှိခဲ့ပြီး ၂၀၃၀ ပြည့်နှစ်တွင် မက်ထရစ်တန် ၉ ဒသမ ၀၅၆ ဘီလီယံခန့် ရှိမည်ဖြစ်ကြောင်း ခန့်မှန်းထားကြပါသည်။ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင် နိုင်ငံအချို့၏ ကျောက်မီးသွေးသုံးစွဲမှုရာခိုင်နှုန်းများမှာ တရုတ် ၇၉၊ ဩစတြေးလျ ၇၇၊ အိန္ဒိယ ၆၉၊ အမေရိကန်ပြည်ထောင်စု ၄၉၊ ဂျာမနီ ၄၆ အသီးသီး ရှိကြပါသည်။ ကမ္ဘာ့လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုသည်လည်း ဆက်လက်၍ ပိုမိုများပြားနေဦးမည်ဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်တွင် လက်ရှိပမာဏထက် ၆၀ ရာခိုင်နှုန်း ပိုမိုများပြားမည် ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု စုစုပေါင်း၏ ၈၅ ရာခိုင်နှုန်းကို ရုပ်ကြွင်းလောင်စာများမှ ထုတ်လုပ်ရမည်ဖြစ်ကြောင်း မှတ်သားရပါသည်။

အမေရိကန်ပြည်ထောင်စုမှ လူဦးရေအလွန်ထူထပ်သော ချီကာဂိုမြို့ကြီးရှိ Fisko ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အားပမာဏ ၃၂၆ မဂ္ဂါဝပ် ထုတ်လုပ်လျက်ရှိပြီး ယင်းစက်ရုံသည် အမေရိကန်ပြည်ထောင်စုရှိ သက်တမ်းအကြာဆုံး ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံကြီးများတွင် တစ်ခုအပါအဝင်ဖြစ်ပြီး ယင်းစက်ရုံတစ်ခုတည်းမှ ထုတ်လွှတ်သောဓာတ်ငွေ့များကြောင့် လေထုညစ်ညမ်းမှုဖြစ်ကာ တစ်နှစ်လျှင် သက်တမ်းမစေ့မီ သေဆုံးသူ ၁၅ ဦးနှင့် ဆေးရုံတက်ရောက်ရသူ ၂၀၀ ခန့်ရှိကြောင်း၊ မြို့လူထုအများစုသည် ထိုစက်ရုံ၏ ၂ ကီလိုမီတာ (၁ ဒသမ ၂ မိုင်ခန့်)အတွင်း နေထိုင်လျက်ရှိကြကြောင်း၊ ကျောင်းများ၊ ကစားကွင်းများသည် မီးခိုး ငွေ့များဖြင့် ဖုံးလွှမ်းနေကြောင်း၊ ထိုဒေသတွင် နေထိုင်ကြသူများအနေဖြင့် လေထုညစ်ညမ်းသည်ကို အဆုတ်ထဲမှာပင် ခံစားသိရှိနေကြရကြောင်း ကြားသိရပါသည်။ ကျောက်မီးသွေးဓာတ်အားပေးစက်ရုံများမှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့အပြင် ပြဒါး၊ စယ်လ်လီနီယံ (Selenium)၊ အာဆင်းနစ်များ ထုတ်လွှတ်သည့်ပြင် ဆာလ်ဖာပါဝင်မှုများသော ကျောက်မီးသွေးလောင်စာများကြောင့်လည်း အက်စစ်မိုး ရွာသွန်းနိုင်ပါသည်။

အမေရိကန်ပြည်ထောင်စုတစ်ခုလုံးရှိ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ထုတ်လွှတ်သောဓာတ်ငွေ့များနှင့်အမှုန်များကြောင့် တစ်နှစ်လျှင်သက်တမ်းမစေ့မီ သေဆုံးသူ ပေါင်း ၂၄၀၀၀ ခန့်ရှိနေကြောင်း၊ ၎င်းတို့အနက် အဆုတ်ကင်ဆာကြောင့် သေဆုံးရသူ ၂၈၀၀ခန့် ပါဝင်ကြောင်း သိရှိရပါသည်။ အမေရိကန်ပြည်ထောင်စု၏ လူဦးရေ ၃၁၂ ဒသမ ၈ သန်းနှင့် တွက်မည်ဆိုပါက ဖော်ပြပါဓာတ်ငွေ့များနှင့် အမှုန်များကြောင့် နှစ်စဉ် လူတစ်သန်းလျှင် ၇၇ ဦးခန့် သက်တမ်းမစေ့မီ သေဆုံးလျက်ရှိပြီး ယင်း ၇၇ ဦး အနက် ကိုးဦးမှာ အဆုတ်ကင်ဆာကြောင့် သေဆုံးရခြင်းဖြစ်ပါသည်။

အမေရိကန်ပြည်ထောင်စုရှိ Environmental Protection Agency (EPA) မှ ဆာလ်ဖာဒိုင်အောက်ဆိုက်နှင့် နိုက်ထရပ်အောက်ဆိုက် ဓာတ်ငွေ့ထုတ်လွှတ်မှုများကို ကန့်သတ်ခဲ့ပြီး ပြဒါး၊ ကျောက်မီးသွေးပြာမှုန်နှင့် မှန်လုံအိမ် ဓာတ်ငွေ့ထုတ်လွှတ်မှုများကိုပါ ကန့်သတ်ရန် စီစဉ်လျက်ရှိနေကြောင်း၊ ဤသို့ ပြုလုပ်နိုင်မည်ဆိုပါက လေထု၏ အရည်အသွေး ကောင်းလာပြီး ကျန်းမာရေးတိုးတက်မှုများကို အမှန်တကယ် ရရှိနိုင်မည်ဖြစ်ကြောင်း၊ ဖျားနာသူများ၊ ဆေးရုံတက်ရောက်ရသူများ၊ သေဆုံးသူများ လျော့နည်းသွားမည်ဖြစ်သဖြင့် လူထုကျန်းမာရေးအတွက် ကုန်ကျစရိတ် အမေရိကန်ဒေါ်လာဘီလီယံ ၂၈၀ ခန့် သက်သာနိုင်ကြောင်း၊ ကျောက်မီးသွေး ဓာတ်အားပေးစက်ရုံများကို အဆင့်မြှင့်ပေးခြင်းအတွက် ကုန်ကျစရိတ်မှာ အကြမ်းဖျင်းတစ်နှစ်လျှင် အမေရိကန် ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံခန့်သာ ရှိမည်ဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများက ထောက်ပြကြပါသည်။

သို့ရာတွင် တစ်ဖက်တွင်လည်း အဆိုပါ ကန့်သတ်ချက်များကြောင့် သက်တမ်းကြာနေသော ကျောက်မီးသွေးဓာတ်အားပေးစက်ရုံများကို ပိတ်ပစ်ရမည်ဆိုပါက တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁၈ ဘီလီယံခန့်ဆုံးရှုံးမည်ဖြစ်ပြီး အလုပ်လက်မဲ့နှုန်းများ တိုးမြင့်လာမည် ဖြစ်သည်သာမက လျှပ်စစ်ဓာတ်အားခများလည်း တိုးမြင့်လာပြီး ၂၀၂၀ ပြည့်နှစ်တွင် လက်ရှိလျှပ်စစ်ဓာတ်အားခထက် ၁၁ ဒသမ ၅ ရာခိုင်နှုန်း ပိုမိုတိုးမြင့်လာမည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အား ပမာဏ ၆၀၀၀ မဂ္ဂါဝပ် ထုတ်လုပ်ပေးလျက်ရှိသော American Electric Power ကုမ္ပဏီကြီးက EPA ၏ သက်မှတ်ချက်များကို လိုက်နာနိုင်ရန်အတွက် ၎င်း၏ သက်တမ်းအကြာဆုံး စက်ရုံငါးရုံကို ၂၀၁၄ခုနှစ်တွင် ပိတ်မည်ဖြစ်ကြောင်း ၂၀၁၁ ခုနှစ် ဇွန်လက ကြေညာခဲ့ပါသည်။ EPA၏ ကန့်သတ်ချက်များကို ပြည့်မီစေရန်အတွက် ဓာတ်အားပေးစက်ရုံများ၏အဆင့်ကို ပြန်လည်မြှင့်တင်ရန် ကုန်ကျစရိတ်အလွန်ကြီးမြင့်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ စက်ရုံများကို ပိတ်ရခြင်းကြောင့် ကုမ္ပဏီအနေဖြင့် ဒေါ်လာဘီလီယံချီ၍ ဆုံးရှုံးမည်ဖြစ်ပြီးရာပေါင်းများစွာသော အလုပ်သမားများသည်လည်း အလုပ်လက်မဲ့ဖြစ်ကြမည် ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင် ကျောက်မီးသွေးကို ၉၀ ရာခိုင်နှုန်းခန့် သုံးစွဲနေသော ကင်တပ်ကီ (Kentucky) ပြည်နယ်ကဲ့သို့သော ပြည်နယ်များတွင် ပို၍ ထိခိုက်မည်ဖြစ်ကြောင်း၊ ယင်းပြည်နယ်တွင် ကျောက်မီးသွေးမိုင်းများ၌ အလုပ်လုပ်လျက်ရှိကြသော အလုပ်သမား ၁၈၀၀၀ ခန့်ကိုလည်း ထိခိုက်မည်ဖြစ်ကြောင်း၊ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုတွင် လျှပ်စစ်ဓာတ်အားသည် အဓိကကဏ္ဍမှ ပါဝင်နေကြောင်း၊ ကျောက်မီးသွေးလောင်စာမှထုတ်လုပ်သော လျှပ်စစ်ဓာတ်အားခသည် ဈေးနှုန်းချိုသာသဖြင့် စီးပွားရေးကို တစ်ဟုန်ထိုး တိုးတက်စေနိုင်ကြောင်း၊ ပြည်သူလူထုသည် စီးပွားရေးကောင်းလာသည်နှင့်အမျှ ကျန်းမာရေးကို ပို၍ အလေးထားနိုင်ခြင်းကြောင့် ကျန်းမာရေး စောင့်ရှောက်မှုစရိတ်များ လျော့ကျလာနိုင်ကြောင်း၊ ကျောက်မီးသွေးဓာတ်အားပေး စက်ရုံများကို ပိတ်ပစ်ရမည်ဆိုပါက လျှပ်စစ်ဓာတ်အားခများ ဈေးကြီးမြင့်လာမည်ဖြစ်ခြင်းကြောင့် လူနေမှုစရိတ်နှင့် ကုန်ထုတ်လုပ်မှုစရိတ်များ ကြီးမြင့်လာပြီး ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတား ဖြစ်စေမည်ဖြစ်ကြောင်း၊ ကျောက်မီးသွေးမိုင်းများမှ အလုပ်သမားများ သောင်းနှင့်ချီ၍ အလုပ်လက်မဲ့ဖြစ်ကြမည်ဖြစ်ကြောင်း စီးပွားရေးသမားများက ပြန်လည်ချေပထားကြပါသည်။

အမေရိကန်ပြည်ထောင်စုသည် ယခုအချိန်ထိ ကျိုတိုသဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးခြင်းမရှိသည်မှာ အထက်ဖော်ပြပါ ပြဿနာများအရ ကျောက်မီးသွေးကို အခြားလောင်စာများဖြင့် အစားထိုးရန် အချိန်ယူရဦးမည်ဖြစ်သဖြင့် မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို ၁၉၉၀ ပြည့်နှစ်ကထက် ၅ ဒသမ ၂ ရာခိုင်နှုန်းသို့ လျှော့ချရန် အလွန်ပင်ခက်ခဲမည်ဖြစ်သောကြောင့် ဖြစ်ပါသည်။ (ကာဗွန်အခွန်ကိုလည်း ဥရောပနိုင်ငံများကဲ့သို့ တစ်ပြည်လုံး အတိုင်းအတာအပြင် ကောက်ခံနိုင်ခြင်း မရှိသေးပါ။)

အမေရိကန်ပြည်ထောင်စုရှိ ကျောက်မီးသွေးလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၌ တွေ့ရှိရသော သာဓကများအရ စက်မှုဇုန်ကြီးတစ်ခုကို လျှပ်စစ်ဓာတ်အားပေးရန်အတွက် ကျောက်မီးသွေးလောင်စာကိုသာ သုံးစွဲရမည့် အခြေအနေတွင် ရောက်ရှိနေပါက -

၁။ ကျောက်မီးသွေး ဓာတ်အားပေးစက်ရုံကို လူနေရပ်ကွက်များနှင့် ဝေးနိုင်သမျှ ဝေးသည့်နေရာတွင် တည်ဆောက်ရန်

၂။ စွမ်းရည် (Efficiency)မြင့်သော ဓာတ်အားပေးစက်ရုံကို တည်ဆောက်ရန် ကျောက်မီးသွေးတစ်ကီလိုဂရမ်မှ ထွက်ရှိမည့် အပူစွမ်းအင်အားလုံးကို စက်စွမ်းအင်မှတစ်ဆင့် လျှပ်စစ်စွမ်းအင်အဖြစ် ပြောင်းနိုင်မည်ဆိုပါက လျှပ်စစ်ဓာတ်အား ၆ ဒသမ ၆၇ kilowatt ရရှိနိုင်မည် ဖြစ်ပါသည်။ အချိန်တစ်နာရီကြာ ထုတ်လုပ်ပေးနိုင်မည့် လျှပ်စစ်ပမာဏ ၁ kWh ဖြစ်ပါသည်။ ကျောက်မီးသွေး ဓာတ်အားပေးစက်ရုံများ၏ စွမ်းရည်သည် အများအားဖြင့် ၃၀ ရာခိုင်နှုန်းခန့်သာ ရှိကြသောကြောင့် ကျောက်မီးသွေး တစ်ကီလိုဂရမ်မှ လျှပ်စစ်ဓာတ်အား ၂ kWh ခန့်သာ ရရှိနိုင်ပါသည်။ ခေတ်မီနည်းပညာများအရ ယင်းစက်ရုံများ၏ စွမ်းရည်ကို ၄၀ ရာခိုင်နှုန်းသို့ တိုးမြှင့်နိုင်ပါက ကျောက်မီးသွေး တစ်ကီလိုဂရမ်မှ လျှပ်စစ်ဓာတ်အား ၂ ဒသမ ၆၆၈ kWh ရရှိနိုင်မည် ဖြစ်ပါသည်။ လျှပ်စစ်ဓာတ်အားပမာဏ မဂ္ဂါဝပ် ၄၀၀ ထုတ်လုပ်မည့် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံတစ်ခု၏ စွမ်းရည်သည် ၃၀ ရာခိုင်နှုန်းရှိမည် ဆိုပါက တစ်နှစ်လျှင် ကျောက်မီးသွေးမက်ထရစ်တန် ၁ ဒသမ ၇၅၂ သန်းခန့် ကုန်ကျမည်ဖြစ်သော်လည်း ယင်း စက်ရုံ၏ စွမ်းရည်သည် ၄၀ ရာခိုင်နှုန်းရှိမည်ဆိုပါက ကျောက်မီးသွေး မက်ထရစ်တန် ၁ ဒသမ ၃၁၂ သန်းခန့်သာ ကုန်ကျမည် ဖြစ်ပါသည်။ ကျောက်မီးသွေးကုန်ကျမှု နည်းသည်နှင့်အမျှ ကာဗွန်ဒိုင်အောက်ဆိုက်နှင့် ကျန်းမာရေးကို ထိခိုက်စေသောဓာတ်ငွေ့များ၊ အမှုန်များထွက်ရှိမှု လျော့နည်းမည် ဖြစ်ပါသည်။ ထို့ပြင် စက်ရုံ၏စွမ်းရည်ကို ၁ ရာခိုင်နှုန်းတိုးမြှင့်ရုံဖြင့် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှု ၂ ရာခိုင်နှုန်းမှ ၃ ရာခိုင်နှုန်း လျော့နည်းနိုင်ကြောင်း မှတ်သားရပါသည်။

၃။ စက်ရုံမှထွက်ရှိသော ကျောက်မီးသွေးအမှုန်များကို ပြင်ပ(လေထု)သို့ ထွက်ရှိမှု နည်းနိုင်သမျှ နည်းစေရေးအတွက် ဆောင်ရွက်ရန်နှင့် အခြားစွန့်ပစ်ပစ္စည်းများကိုလည်း သတ်မှတ်ချက်များနှင့်အညီ စနစ်တကျ စွန့်ပစ်ရန်

၄။ စက်ရုံလုပ်သားများအား ဓာတ်ငွေ့များ၊ အမှုန်များကိုရှူရှိုက်မှု ကင်းဝေးစေရေးအတွက် အကာအကွယ်များထားရှိပေးရန်နှင့် ကျန်းမာရေး စစ်ဆေးမှုများကို အခါအားလျော်စွာ ဆောင်ရွက်ပေးရန်

၅။ သဘာဝဘေးအန္တရာယ်များကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကိစ္စများအတွက် ကြိုတင်စီစဉ် ကာကွယ်မှုများပြုလုပ်ထားရန် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် စက်မှုအင်အားကြီးနိုင်ငံများဖြစ်ကြသော်လည်း မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရန် တာဝန်မရှိသည်မှာ ယင်းနိုင်ငံများသည် ဖွံ့ဖြိုးဆဲနိုင်ငံများ အဆင့်၌သာ ရှိကြခြင်းကြောင့် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ကန့်သတ်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတား ဖြစ်နိုင်သောကြောင့် ဖြစ်ပါသည်။ ၂၀၀၅ ခုနှစ်က မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုတွင် တရုတ်နိုင်ငံက CO_2e ၇ ဒသမ ၂၁၇၇ ဘီလီယံမက်ထရစ်တန်ဖြင့် ကမ္ဘာပေါ်တွင် အများဆုံးနိုင်ငံဖြစ်ပြီး အိန္ဒိယနိုင်ငံက CO_2e ၁ ဒသမ ၈၇၆၆ ဘီလီယံ မက်ထရစ်တန်ဖြင့် သတ္တမအများဆုံးနိုင်ငံဖြစ်ကာ အမေရိကန်ပြည်ထောင်စုက CO_2e ၆ ဒသမ ၉၄၈၂ ဘီလီယံ မက်ထရစ်တန်ဖြင့် ဒုတိယအများဆုံးနိုင်ငံ ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ၂၀၀၀ ပြည့်နှစ်က မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှု အခြေအနေများ (ကာဗွန်ဒိုင်အောက်ဆိုက်နှင့်ညီမျှသော - CO_2e၊ မက်ထရစ်တန်သန်းပေါင်း)မှာ စွမ်းအင်ကဏ္ဍမှ ၇ ဒသမ ၈၆၃၊ စက်မှုကဏ္ဍမှ ၀ ဒသမ ၄၆၃၊ ထင်းလောင်စာသုံးစွဲမှုမှ ၂၈ ဒသမ ၂၉၈၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍမှ ၂၂ ဒသမ ၈၄၃၊ အမှိုက်နှင့် စွန့်ပစ်ပစ္စည်းများမှ ၂ ဒသမ ၈၂၆၊ သစ်တောကဏ္ဍမှ ၄၀ ဒသမ ၄၀၄ အသီးသီးရှိသဖြင့် ထုတ်လွှတ်မှု စုစုပေါင်းပမာဏသည် ၁၀၂ ဒသမ ၆၉၇ ရှိပါသည်။ ထို့ပြင် သစ်တောကဏ္ဍ (သဘာဝသစ်တောများ၊ သစ်တောစိုက်ခင်းများ၊ လမ်းဘေးသစ်ပင်များနှင့် အိမ်ခြံဥယျာဉ်များရှိသစ်ပင်များ)မှ ကာဗွန်ဒိုင်အောက်ဆိုက် ဖယ်ရှားမှုပမာဏမှာ မက်ထရစ်တန်သန်းပေါင်း ၁၄၂ ဒသမ ၂၂၁ ရှိသဖြင့် အသားတင်ကာဗွန်ဒိုင်အောက်ဆိုက် ဖယ်ရှားမှုပမာဏပေါင်းသည် မက်ထရစ်တန်သန်းပေါင်း ၃၉ ဒသမ ၅၂ ရှိပါသည်။ (အသေးစိတ် လေ့လာလိုပါက ၆ - ၄ - ၂၀၁၁ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင်ပါရှိခဲ့သော "မြန်မာနိုင်ငံ၏ မှန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှတ်မှုအခြေအနေ" ဆောင်းပါးကို ဖတ်ရှုနိုင်ပါသည်။)

အာရှနိုင်ငံအချို့၏ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုနှင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ဖယ်ရှားမှု အခြေအနေများကို ဇယားဖြင့်ဖော်ပြထားပါသည်။ ဤဇယားအရ မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများ၌ မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုပမာဏထက် ကာဗွန်ဒိုင်အောက်ဆိုက် ဖယ်ရှားနိုင်မှုပမာဏက ပို၍ များနေပြီး မြန်မာနိုင်ငံ၏ ၂၀၀၀ ပြည့်နှစ်က မှန်လုံအိမ် ဓာတ်ငွေ့ထုတ်လွှတ်မှု ပမာဏသည်လည်း ထိုင်းနိုင်ငံ၏ ၁၉၉၄ ခုနှစ်က ထုတ်လွှတ်မှုပမာဏ၏ သုံးပုံတစ်ပုံကျော်ခန့်သာ ရှိပါသည်။

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုတွင် လျှပ်စစ်ဓာတ်အားသည် အဓိကကျပြီး အလွန်အရေးပါသည်သာမက လူနေမှုစရိတ်နှင့်ထုတ်လုပ်ကုန်ပစ္စည်းများ၏ ဈေးနှုန်းများသည် လျှပ်စစ်ဓာတ်အားခနှုန်းထားများပေါ်တွင် မူတည်နေသဖြင့် လျှပ်စစ်ဓာတ်အားကိုထုတ်လုပ်ရာတွင် မှန်လုံအိမ်ဓာတ်ငွေ့များနှင့် အန္တရာယ်ပေးနိုင်သည့် ဓာတ်ငွေ့များ၊ အမှုန်များထုတ်လွှတ်မှုကင်းသည့်(သို့မဟုတ်) နည်းသည့် လောင်စာများကို သုံးစွဲနိုင်ပြီး ကုန်ကျ စရိတ်လည်း နည်းမည်ဆိုပါက အကောင်းဆုံးဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားဈေးနှုန်းများ (မီတာခ)မှာ တစ်ယူနစ် (One Kilowatt-hour - 1 Kwh)လျှင် အိမ်သုံး ၃၅ ကျပ်နှင့် လုပ်ငန်းသုံးကျပ် ၇၀ ဖြစ်ပါသည်။ အမေရိကန် တစ်ဒေါ်လာလျှင် ကျပ် ၈၀၀ နှုန်းဖြင့် တွက်ချက်ပါက ၄ ဒသမ ၃၈ ဆင့်နှင့် ၈ ဒသမ ၇၆ ဆင့် ရှိပါသည်။ အာရှတိုက်မှ နိုင်ငံအချို့၏ လျှပ်စစ်ဓာတ်အားခများမှာ အီရန် ၀ ဒသမ ၉၁ ဆင့်၊ ပါကစ္စတန် ၅ ဒသမ ၂၈ ဆင့်၊ မလေးရှား ၇ ဒသမ ၄၂ ဆင့်၊ ထိုင်း ၁၁ ဆင့်မှ ၁၂ ဆင့်၊ ဖိလစ်ပိုင် ၁၅ ဒသမ ၈ ဆင့်၊ စင်ကာပူ ၂၀ ဒသမ ၆၉ ဆင့်၊ အစ္စရေး ၁၂ ဒသမ ၃၄ ဆင့် အသီးသီးရှိကြပါသည်။ ဥရောပတိုက်တွင် ဖင်လန်နိုင်ငံသည် ဈေးအချိုဆုံးဖြစ်ကာ

စာမျက်နှာ ၇ ကော်လံ ၁ သို့

၁၉၉၄ ခုနှစ်က အာရှနိုင်ငံအချို့၏ GHGs ထုတ်လွှတ်မှုအခြေအနေ (မက်ထရစ်တန်သန်းပေါင်း)

စဉ်	နိုင်ငံ	GHGs ထုတ်လွှတ်မှု CO_2e	CO_2 ဖယ်ရှားမှု	GHGs အသားတင်ထုတ်လွှတ်မှု CO_2e
၁	တရုတ်	၄၀၈၀. ၀၂	၄၃၀. ၁၉	၃၆၄၉. ၈၃
၂	အိန္ဒိယ	၁၂၂၈. ၅၄	၂၃. ၄၇	၁၂၀၅. ၀၇
၃	အင်ဒိုနီးရှား	၉၀၂. ၁၀	၄၀၃. ၈၀	၄၉၈. ၃
၄	ထိုင်း	၃၂၄. ၉၀	၃၈. ၅၀	၂၈၆. ၄၀
၅	မလေးရှား	၁၄၄. ၀၀	၆၈. ၄၀	၇၅. ၆၀
၆	ဖိလစ်ပိုင်	၁၀၀. ၈၀	၀. ၁၀	၁၀၀. ၇၀
၇	ကမ္ဘောဒီးယား	၆၇. ၉၀	၇၃. ၀၄	(-) ၅. ၁၄
၈	မြန်မာ(၂၀၀၀ ပြည့်နှစ်)	၁၀၂. ၇၀	၁၄၂. ၂၂	(-) ၃၉. ၅၂

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်
တရုတ်ယဉ်ကျေးမှုအနုပညာအဖွဲ့ နွေဦးပွဲတော်ပဒေသာကပွဲ ကြည့်ရှုအားပေး

ရန်ကုန် ဖေဖော်ဝါရီ ၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ယဉ်ကျေးမှု အနုပညာအဖွဲ့ နွေဦးပွဲတော် ပဒေသာကပွဲကို ယမန်နေ့ည ၇ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်း အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ သံမှူး Mr. Lu Zhi နှင့် သံရုံးအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံမှူးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တရုတ်ယဉ်ကျေးမှု အနုပညာအဖွဲ့ ခေါင်းဆောင် Mr. Wlang Jie က အမှာစကားပြောကြားသည်။ ထို့နောက် တရုတ်ယဉ်ကျေးမှု အနုပညာအဖွဲ့က ပဒေသာ အိုးစည်အက၊ တိုင်းရင်းသားလူမျိုးစုများ၏ အဆိုအကများနှင့် မျက်လှည့်ပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တရုတ်ယဉ်ကျေးမှု အနုပညာအဖွဲ့ဝင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ တရုတ်ယဉ်ကျေးမှု အနုပညာအဖွဲ့၏ နွေဦးပွဲတော် ပဒေသာကပွဲကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မောင်မောင်မြင့်ဆွေ ➢ ရေးသားသည်

အီတလီစီးရီးအေပွဲစဉ်(၂၁) ချေယေးဗိုတို့ နိုင်ပွဲရရှိ

ရောမ ဖေဖော်ဝါရီ ၃

အီတလီစီးရီးအေပွဲစဉ်(၂၁)ကို ဖေဖော်ဝါရီ ၃ရက် နံနက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ နိုဗာရာနှင့်ချေယေးဗိုအသင်းတို့ပွဲတွင် ချေယေးဗိုက နှစ်ဂိုး-တစ်ဂိုး ဖြင့် အနိုင်ရရှိခဲ့သည်။ **(အပေါ်ပုံ)**

တန်းဆင်းဇုန်အတွင်းကျရောက်နေသည့် နိုဗာရာအသင်းသည် ယခုပွဲ၌ အိမ်ကွင်းတွင်ကစားရသော်လည်း အမှတ်ရယူနိုင်ခြင်းမရှိခဲ့ချေ။ ချေယေးဗိုတို့ ပထမပိုင်း ပွဲချိန် ၃၃ မိနစ်၌ ပီလ်လစ်ဆီရာက အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့ပြီး ပထမပိုင်း ပွဲချိန်၌ တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

တစ်ဖန် ဒုတိယပိုင်းပွဲချိန် ၇၈ မိနစ်၌ ချေယေးဗို အသင်းမှ သီရီအူက တစ်ဂိုးသွင်းယူခဲ့ပြန်သဖြင့် ချေယေးဗိုတို့ နှစ်ဂိုးရရှိခဲ့သည်။ သို့သော် ပွဲချိန် ၇၉ မိနစ်၌ နိုဗာရာအသင်းမှ မက်စ်ကာရာက ချေပဂိုးသွင်းယူခဲ့သဖြင့် နှစ်ဂိုး-တစ်ဂိုးဖြစ်သွားခဲ့သည်။

ပွဲချိန်ပြည့်သည်အထိ နှစ်သင်းစလုံးဂိုးမသွင်းနိုင်ခဲ့သဖြင့် ချေယေးဗိုက နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရပြီး စီးရီးအေတန်းစီဇယား၌ ဒသမနေရာတွင်ရပ်တည်နေသည်။ **(အင်တာနက်)**

တမူးမြို့၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွား ကလေးငယ်တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရ

နေပြည်တော် ဖေဖော်ဝါရီ ၃

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွားရာ ကလေးငယ်တစ်ဦးသေဆုံးပြီး ကလေးငယ်တစ်ဦး ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်ပွားပုံမှာ ဇန်နဝါရီ ၃၁ ရက် ညနေ ၃ နာရီခန့်တွင် စန္ဒကူး(၂)ရပ်ကွက်၌ မိခင်ဖြစ်သူ အပြင်သို့ သွားရောက်နေစဉ် သားဖြစ်သူ မောင်ဝင်းကျော် (၃)နှစ်နှင့် သမီးဖြစ်သူ မဝင်းမာဌေး (၇)နှစ်တို့နှစ်ဦး အိမ်အောက်၌ ကစားနေရာမှ မောင်ဝင်းကျော်သည် လူမနေသောဘေးအိမ်မှ အထုပ်တစ်ထုပ် ကောက်ယူလာပြီး ပုခက်ပေါ်၌ ထိုင်နေသည့် အစ်မဖြစ်သူအား ပစ်ပေါက်လိုက်ကြောင်း၊ အထုပ်မှာ မဝင်းမာဌေးနှင့် နှစ်ပေခွဲခန့်အကွာတွင် ပြုတ်ကျပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး မောင်ဝင်းကျော်၏ ဦးခေါင်းနှင့် ခန္ဓာကိုယ်အနှံ့တွင် ဒဏ်ရာများရရှိကာ ဆေးရုံသို့ပို့ဆောင်၍ ဆေးကုသမှုခံယူနေစဉ် သေဆုံးသွားခဲ့ကြောင်း၊ မဝင်းမာဌေးမှာ ဝမ်းဗိုက်၊ လက်နှင့် ခြေထောက် ဝဲ/ယာတို့၌ ဒဏ်ရာများရရှိသဖြင့် ဆေးရုံသို့ပို့ဆောင်၍ ကုသပေးလျက်ရှိကြောင်း သိရှိရသည်။

အဆိုပါ ဗုံးပေါက်ကွဲမှုဖြစ်ပွားသည့်နေရာသို့ တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးပြီး အလားတူ ပေါက်ကွဲမှု မဖြစ်ပွားစေရေးအတွက် တမူးမြို့နယ် အတွင်းရှိ ပြည်သူများအား အသိပညာပေးဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂ ရက် နံနက် ၁၀ နာရီခွဲခန့်တွင် တမူးမြို့နေ ဦးထွန်းသိန်းသည် နေအိမ်မှ ပြည်တော်သာရွာ လယ်ကွင်းရှိ ကောက်ရိုးများအား နွားလှည်းဖြင့် သယ်ယူရန် လှည်းလမ်းအတိုင်း သွားရောက်စဉ် လမ်းဘေးတောစပ်တစ်နေရာ၌ လက်ပစ်ဗုံးတစ်လုံးအား တွေ့ရှိသဖြင့် တာဝန်ရှိသူများထံ သတင်းပေးပို့ခဲ့ကြောင်း၊ သို့ဖြစ်၍ သွားရောက်စစ်ဆေးကြရာ FUZE M - 213 GOI 4.57 - 75 အင်္ဂလိပ်စာတန်းပါ အမေရိကန်နိုင်ငံလုပ် ပန်းသီးလက်ပစ်ဗုံးတစ်လုံးအား သိမ်းဆည်းရမိခဲ့ကြောင်း သိရှိရသည်။

အများပြည်သူတို့အနေဖြင့် မိမိတို့ ပတ်ဝန်းကျင်တွင် မသင်္ကာဖွယ်လူများ၊ ပစ္စည်းများတွေ့ရှိပါက တာဝန်ရှိသူများထံ ဆက်သွယ်သတင်းပို့ကြပါရန်နှင့် မိမိတို့၏ မိသားစုဝင်များ၊ ကလေးငယ်များကိုလည်း မသင်္ကာဖွယ်ပစ္စည်းများ တွေ့ရှိပါက ကိုင်တွယ်ယူဆောင်ခြင်း မပြုကြရေး မှာကြားထားပေးကြရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်္ဃန်းကျွန်းမြို့နယ် အမက (၁) မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၉ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သန်းရင်က သူငယ်တန်းမှ တတိယတန်းအထိ လေးနှစ်ဆက်တိုက် ပထမဆုရ မောင်အောင်ငြိမ်းချမ်းအား ဆုချီးမြှင့်စဉ်။ (၀၄၄)

**** ကျောဖုံးမှ***

စီအင်န်ဂျီ ထုတ်ယူကြရမည်ဖြစ်သည်။ လက်ရှိတွင် နေ့စဉ်သဘာဝ ဓာတ်ငွေ့ ကုဗပေသန်း ၂၀ ခန့်ကို သဘာဝဓာတ်ငွေ့ အရောင်းဆိုင်ပေါင်း ၄၀ကျော်တို့က ကားအစီးရေ ၂၇၀၀၀ ကျော်အတွက် ရောင်းချပေးလျက်ရှိကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ သိရှိရသည်။ ***(အောက်ပုံ)***

● ကျောဖုံးမှ

နိုင်ငံခြားဧည့်သည်များကို အုပ်စုအလိုက်၊ မိသားစုအလိုက်၊ သုံးယောက်တစ်ဖွဲ့၊ နှစ်ယောက်တစ်တွဲ နေ့စဉ်တွေ့မြင်နေရပါတယ်။

ပုဂံ၊ မန္တလေး၊ တောင်ကြီး၊ အင်းလေး စတဲ့မြို့များက မိတ်ဆွေများရဲ့ သတင်းစကားအရ သူတို့ဆီမှာလည်း ယမန်နှစ်များနှင့်မတူ နိုင်ငံခြားဧည့်သည်အဝင်ပိုများတယ်ဟုဖုန်းသတင်းအရ ကြားသိရပါတယ်။

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းက တာဝန်ရှိသူတစ်ဦးရဲ့ အဆိုအရ "မြန်မာ့ခရီးသွားလုပ်ငန်းဟာ ၂၀၀၉ ခုနှစ်ကုန်ပိုင်းက စတင်တိုးတက်လာခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ်နဲ့ ယခုနှစ် နှစ်ဆန်းပိုင်းရက်တွေမှာ နိုင်ငံခြားဧည့်သည် ဝင်ရောက်မှု ပိုမိုများပြားခဲ့ကြောင်း၊ ကိန်းဂဏန်းအရ ၃၅ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ကြောင်း" ဆိုခဲ့ပါတယ်။

၂၀၁၀ ခုနှစ်ကတင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ဝင်ပေါက်ကနေ နိုင်ငံခြားဧည့်သည် သုံးသိန်းကျော် အဝင်ရှိခဲ့ပြီး ၂၀၁၁ ခုနှစ်က ဧည့်သည်ဦးရေ လေးသိန်းအထိ မြင့်တက်လာခဲ့တယ်လို့ သိရပါတယ်။

ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ နယ်စပ်ဝင်ပေါက်ကလည်း ခရီးသွားဧည့်သည် ရှစ်သိန်းနီးပါး ဝင်ရောက်ခဲ့တယ်လို့လည်း ထပ်မံသိခွင့်ရခဲ့ပါတယ်။

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတစ်ဆူတည်းမှာပင် နိုင်ငံခြားဧည့်သည် ဝင်ရောက်မှုက ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၂၄ ရက်အထိ ၂၅၉၈၃ ဦး ဝင်ရောက်ခဲ့တယ်လို့ သိခဲ့ရပါတယ်။ ဒါ့ကြောင့် ယမန်နှစ် ဇန်နဝါရီလ တစ်လလုံး ဝင်ရောက်မှုဦးရေနှင့် သွားပြီးကိုက်ညီမှုရှိနေတာကို ဘုရားကြီးရဲ့ ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက အတည်ပြုပြောကြားသွားတာကိုလည်း သိခဲ့ရပါတယ်။

ယခုအခါ အိမ်သာလို့ ဧည့်များအဝင်များလာနေကြပြီမို့ ဧည့်ဝတ်ကျေဖို့ အထူးလိုအပ်လာပါပြီ ဖြစ်ပါတယ်။

ဂုဏ်ပြုဆုချီးမြှင့်

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၂၂)အခြေခံပညာမူလတန်းလွန်ကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၉ ရက်က ကျောင်းခန်းမ၌ကျင်းပရာ ကျောင်းတွင်းတတိယတန်းတွင် ထူးချွန်ပထမဆုရရှိသော မောင်ဝေယံထွဋ်အောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်တိုးတိုးလှိုင် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၁၆၆)

စာမျက်နှာ ၆ မှ

တစ်ယူနစ်လျှင် ၆ ဒသမ ၉၅ ဆင့်ရှိပြီး ဒိန်းမတ်နိုင်ငံသည် ဈေးအကြီးဆုံးဖြစ်ကာ တစ်ယူနစ်လျှင် ၄၂ ဒသမ ၈၉ ဆင့် ရှိပါသည်။ အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံများ၏ လျှပ်စစ်ဓာတ်အားခများမှာ ၁၁ ဒသမ ၂ ဆင့်နှင့် ၆ ဒသမ ၁၈ဆင့် ရှိပါသည်။ လျှပ်စစ်ဓာတ်အားခများသည် သုံးစွဲသည့် လောင်စာ အမျိုးအစားပေါ်တွင် အဓိကမူတည်ပြီး အစိုးရများ၏ ဖြည့်ဆည်းကျခံပေးမှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်း စသည်များပေါ်တွင်လည်း မူတည်ကြောင်း သိရှိရပါသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် တစ်ရက်လျှင် အမှိုက်တန်ချိန် ၂၀၀၀ ခန့်ထွက်ရှိရာ ယင်းအမှိုက်များကို အိန္ဒိယနိုင်ငံ ဘာဂမ်ကုမ္ပဏီက လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ တင်ပြထားကြောင်း၊ လျှပ်စစ်ဓာတ်အား ၅ မဂ္ဂါဝပ်ခန့် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း ကြားသိရပါသည်။ အမှိုက်များမှ မီသိန်း ဓာတ်ငွေ့များထွက်ရှိခြင်းကြောင့် ဤသို့ လျှပ်စစ်ဓာတ်အားထုတ်လုပ်မည်ဆိုပါက မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျော့နည်းစေမည့်အပြင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင် သုံးစွဲရမည့် ရုပ်ကြွင်းလောင်စာများမှ ကာဗွန်ဒိုင်အောက်ဆိုက်နှင့် အခြားမှန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှတ်မှုမရှိတော့သဖြင့် နှစ်ဖက်နှစ်လမ်း အကျိုးရှိသောလုပ်ငန်းစဉ်တစ်ခုဖြစ်ခြင်းကြောင့် **"အစိမ်းရောင်စီးပွားရေးဆီသို့"** ဦးတည်ချက်အရဆိုလျှင် ဝမ်းမြောက်စွာ ကြိုဆိုရမည်ဖြစ်ပါသည်။ **သို့သော်** လျှပ်စစ်ဓာတ်အား တစ်ယူနစ် (Kilowatt-hour)လျှင် ငွေကျပ် ၃၀၀ခန့်နှင့် ရောင်းချနိုင်မည်ဖြစ်ကြောင်းသိရှိရသဖြင့် လက်ရှိလျှပ်စစ်ဓာတ်အားခနှုန်းထားထက် လေးဆမှ ကိုးဆခန့်များပြားနေခြင်းကြောင့် သုံးစွဲသူများအနေဖြင့် ရွေးချယ်ခွင့်ရှိမည်ဆိုပါက လက်ရှိ လျှပ်စစ်ဓာတ်အားလိုင်းကိုပင် သုံးစွဲကြမည်ဖြစ်ပါသည်။ ဖော်ပြပါကုမ္ပဏီမှပေးမည့် လျှပ်စစ်ဓာတ်အားတစ်ခုတည်းကိုသာ သုံးစွဲခွင့်ရှိမည်ဆိုပါကလည်း လူနေမှုစရိတ်နှင့် ကုန်ထုတ်လုပ်မှုစရိတ်များ ကြီးမြင့်လာမည်ဖြစ်သဖြင့် အထူးအလေးထား၍ ထည့်သွင်းစဉ်းစားရမည့်အချက် ဖြစ်နေပါသည်။

ဘိလပ်မြေစက်ရုံများမှ ကာဗွန်ဒိုင်အောက်ဆိုက်အမြောက်အမြား ထုတ်လွှတ်ပြီး စက်ရုံမှပျံ့လွင့်လာသော ဘိလပ်မြေမှုန့်များက ကျန်းမာရေးကို ထိခိုက်စေသည်ကို စာရှုသူများ သိရှိထားပြီးဖြစ်ပါသည်။ သို့ရာတွင် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး၌အဓိကအရေးပါသော အခြေခံအဆောက်အအုံ(Infrastructure)များ တည်ဆောက်ရာတွင် ဘိလပ်မြေသည် မရှိမဖြစ် အလွန်အရေးပါသည့် ကဏ္ဍတွင် ရှိနေခြင်းကြောင့် ဘိလပ်မြေ စက်ရုံများကို မတည်ဆောက်ဘဲထား၍ မရပါ။ ဘိလပ်မြေမှုန့်များ လေထုအတွင်း ရောက်ရှိမှုနည်းစေရန်နှင့် စက်ရုံလုပ်သားများအား အဆိုပါအမှုန်များကို ရှူရှိုက်ရမှုမရှိစေရန် အလေးထားစီစဉ်ဆောင်ရွက်ပေးခြင်းဖြင့် ကျန်းမာရေးထိခိုက်မှုများကို လျော့နည်းစေနိုင်မည်ဖြစ်ပါသည်။

ကမ္ဘာ့ရာသီဥတုပြောင်းလဲဖောက်ပြန်မှုကို ဟန့်တားတိုက်ဖျက်ရန် **"အစိမ်းရောင် လုပ်ငန်းစဉ်များ"** ကို ဦးစားပေး၍ ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ သို့ရာတွင် ဤသို့ဆောင်ရွက်ခြင်းကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်မည်ဆိုပါက ပြန်လည်စဉ်းစားသုံးသပ်ရန် လိုအပ်ပါမည်။

ထို့ကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရရှိနိုင်မည့် အကျိုးများနှင့် ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုများကို ရှုထောင့်တစ်ခုတည်းမှ လေ့လာသုံးသပ်ခြင်းမပြုဘဲ ရှုထောင့်အမျိုးမျိုးမှ ဝိုင်းဝန်းလေ့လာသုံးသပ်ကြရန် အလွန်အရေးကြီးပါကြောင်း ဖော်ပြအပ်ပါသည်။ ။

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သောဠသမအစည်းအဝေးနှင့် ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၃

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ သောဠသမအစည်းအဝေးကို ၁၃၇၃ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၄ ရက်နှင့် တပေါင်းလဆန်း ၁၊ ၂ ရက်၊ ဖေဖော်ဝါရီ ၂၁၊ ၂၂၊ ၂၃ ရက် (အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနေ့)တို့တွင် အကြိုညှိနှိုင်းအစည်းအဝေးကျင်းပ၍ ၁၃၇၃ ခုနှစ် တပေါင်းလဆန်း ၃၊ ၄ ရက်၊ ဖေဖော်ဝါရီ ၂၄၊၂၅ ရက် (သောကြာ၊ စနေနေ့)တို့တွင် အစည်းအဝေးကို ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများသည် ၁၃၇၃ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃ ရက်၊ ဖေဖော်ဝါရီ ၂၀ ရက်(တနင်္လာနေ့)တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့ အရောက်ကြွရောက်ရန်လည်းကောင်း၊ ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးကို ၁၃၇၃ ခုနှစ် တပေါင်းလဆန်း ၆၊ ၇၊ ၈ ရက်၊ ဖေဖော်ဝါရီ ၂၇၊ ၂၈၊ ၂၉ ရက် (တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူးနေ့) တို့တွင် ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများသည် ၁၃၇၃ခုနှစ် တပေါင်းလဆန်း ၅ ရက်၊ ဖေဖော်ဝါရီ ၂၆ ရက်(တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့ အရောက်ကြွရောက်ရန်လည်းကောင်း ပင့်စာများဖြင့် ပင့်လျှောက်ထားပြီး ပင့်စာများအချိန်မီမရောက်ရှိပါကလည်း အထက်ပါနေ့ရက်များတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့အရောက် ကြွရောက်တော်မူကြပါရန် ပင့်လျှောက်ထားကြောင်း သာသနာရေးဦးစီးဌာနမှ သိရှိရသည်။ **(သတင်းစဉ်)**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

◆ *ရှေ့ဖုံးမှ*

ပြုပြင်ပြီး ခန့်မှန်းခြေရငွေလျာထားချက်၊ ၂၀၁၁-၂၀၁၂ဘဏ္ဍာရေးနှစ် ပြုပြင်ပြီး ခန့်မှန်းခြေအသုံးစရိတ်လျာထားချက်၊ သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်း အသုံးစရိတ်၊ ဖြည့်စွက်တင်ပြငွေ၊ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းနှင့် ကြွေးမြီကဏ္ဍ၊ ၂၀၁၂-၂၀၁၃ဘဏ္ဍာရေးနှစ် ရငွေလျာထားချက်များနှင့် အသုံးစရိတ်ရန်ပုံငွေ အဆိုပြုချက်၊ ဝင်ငွေတိုးမြှင့်လျာထားမှု၊ ၂၀၁၁-၂၀၁၂ ခုနှစ် ပြုပြင်ပြီးခန့်မှန်းခြေနှင့်နှိုင်းယှဉ်ခြင်း ရငွေလျာထားချက်၊ သာမန်အသုံးစရိတ်လျာထားချက်၊ ၂၀၁၁-၂၀၁၂ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေနှင့် နှိုင်းယှဉ်ခြင်း အသုံးစရိတ်လျာထားချက်၊ ငွေလုံးငွေရင်း အသုံးစရိတ်၊ ငွေလုံးငွေရင်း အသုံးစရိတ်လျာထားချက်၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်မည့် လုပ်ငန်းသစ်များ၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းဟောင်းများနှင့် နိုင်ငံခြားငွေပါဝင်မှုတို့ကို ရှင်းလင်းတင်ပြသည်။

လယ်ယာကဏ္ဍနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ပဉ္စမကာလတို(၅)နှစ် စီမံကိန်း၏ အမျိုးသားစီမံကိန်းဆိုင်ရာ လယ်ယာကဏ္ဍစီမံကိန်း ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များ၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတင်ပြခြင်းနှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းများ၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် ပြုပြင်ပြီး ရသုံးခန့်မှန်းခြေစာရင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုနှင့်စပ်လျဉ်း၍ သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်း အသုံးစရိတ်၊ ကြွေးမြီအသုံးစရိတ်၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေ ငွေစာရင်းမှ သာမန်ရငွေနှင့် သာမန်သုံးငွေ၊ ငွေလုံးငွေရင်းရငွေနှင့် ငွေလုံးငွေရင်း အသုံးစရိတ်၊ ကြွေးမြီရငွေနှင့် ကြွေးမြီသုံးငွေတို့ကို ရှင်းလင်းတင်ပြသည်။

လျှပ်စစ်ကဏ္ဍနှင့်စပ်လျဉ်း၍ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းက ၂၀၁၁-၂၀၁၂ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ခုနှစ်အထိ ဖြစ်သော တတိယ(၅)နှစ် စီမံကိန်းကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည့် လျှပ်စစ်စီမံကိန်းများ လျာထားအစီအစဉ်နှင့် တတိယ(၅)နှစ် စီမံကိန်းကာလတွင် ဖြစ်ပေါ်တိုးတက်လာမည့် လျှပ်စစ်ဓာတ်အားမျှော်မှန်းချက်၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် သာမန်နှင့်ငွေလုံးရန်ပုံငွေတောင်းခံမှုမှ သာမန်ရငွေ၊ ကြွေးမြီရငွေ၊ သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်း အသုံးစရိတ်နှင့် ကြွေးမြီကဏ္ဍတို့ကို ရှင်းလင်းတင်ပြသည်။

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ကာလတို(၅)နှစ် စီမံကိန်းလျှပ်စစ်ကဏ္ဍမူဝါဒ၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် လျှပ်စစ်ကဏ္ဍရည်မှန်းချက်များ၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် လျှပ်စစ်ကဏ္ဍလုပ်ငန်းစဉ်များ၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်မည့် စီမံကိန်းများ၊ ၂၀၁၁-၂၀၁၂ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ဆဲဖြစ်ပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ဆက်လက်တည်ဆောက်မည့် စီမံကိန်းများ၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ စီမံကိန်းများအတွက် သုံးစွဲမည့် ခန့်မှန်းကုန်ကျငွေစာရင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေစာရင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေစာရင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် သုံးစွဲမည့် အသုံးစရိတ်များမှ သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ်နှင့် ကြွေးမြီအသုံးစရိတ်၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် နိုင်ငံခြားငွေရရှိမှုနှင့် အသုံးစရိတ်လျာထားချက်တို့ကို ရှင်းလင်းတင်ပြသည်။

လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးလှမင်းက ကာကွယ်ရေးဝန်ကြီးဌာန၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ခန့်မှန်းခြေငွေစာရင်း၊ သာမန်အသုံးစရိတ်နှင့်စပ်လျဉ်း၍ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ခန့်မှန်းခြေငွေစာရင်း၊ ငွေလုံးငွေရင်းအသုံးစရိတ်နှင့်စပ်လျဉ်း၍ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ခန့်မှန်းခြေငွေစာရင်း၊ ရငွေစာရင်းနှင့် အသုံးစာရင်း၊ သာမန်နှင့်ငွေလုံးငွေရင်း အသုံးစရိတ်တို့ကို ရှင်းလင်းတင်ပြသည်။

တပ်မြို့စည်ပင်သာယာရေးကော်မတီနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးလှမင်းက ကာကွယ်ရေးဝန်ကြီးဌာန တပ်မြို့စည်ပင်သာယာရေးအဖွဲ့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ခန့်မှန်းခြေငွေစာရင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ခန့်မှန်းခြေငွေစာရင်း၊ ရငွေ၊ သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်စာရင်းတို့ကို ရှင်းလင်းတင်ပြသည်။

ယနေ့အစည်းအဝေးကို မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင်ရပ်နားပြီး အစည်းအဝေး ပဉ္စမနေ့ကို ဖေဖော်ဝါရီ ၆ ရက်(တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ကျင်းပမည် ဖြစ်သည်။ **(သတင်းစဉ်)**

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

- ❒ တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် ပြည်ထောင်စုကြီး ထာဝရအခွန့်ရှည်တည်တံ့ခိုင်မြဲအောင် တည်ဆောက်ရေး။
- ❒ ဒို့တာဝန်အရေးသုံးပါးကို ပြည်ထောင်စုသားအားလုံးက အစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။
- ❒ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားအောင် ဖော်ဆောင်ရေး။
- ❒ ပြည်ထောင်စုတိုင်းရင်းသားအားလုံးအတွက် ထာဝရငြိမ်းချမ်းမှုရရှိအောင် ကြိုးပမ်းဆောင်ရွက်ရေး။
- ❒ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီကို ကျင့်သုံးပြီး ပြည်ထောင်စုကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး ရှေးဟောင်းသုတေသနပြတိုက်သို့ အလှူငွေများလှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၃

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ပခန်းကြီးရှေးဟောင်းနယ်မြေရှိ ပခန်းကြီးရှေးဟောင်း သုတေသနပြတိုက် မွမ်းမံခင်းကျင်းရန် ပုဂံဒေသရှိ ဓမ္မရံကြီးဘုရားနှင့် ရွှေဆံတော်ဘုရားမဟာရံတံတိုင်းများအတွင်း လူသွားလျှောက်လမ်းများကို ရှေးမူမပျက်ဆောင်ရွက်ရန်တို့အတွက် ပုဂံမြန်မာ ကုန်ထုတ်လုပ်မှုကုမ္ပဏီ မန်နေဂျာချုပ် ဦးမျိုးမင်းဦးက အလှူငွေကျပ် ၂၅ သိန်းကို ပခန်းကြီး ရှေးဟောင်းသုတေသနပြတိုက်သို့ လာရောက်လှူဒါန်းရာ **(အပေါ်ပုံ)** ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

စာအုပ်စာပေ လှူ့မိတ်ဆွေ

ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၃

ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)၏ (၂၃)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ ပါရဂူဘွဲ့၊ တက္ကသိုလ်ဝင်စာမေးပွဲအောင် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၆ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်း ခြောက်ထပ်ကြီးဘုရားဝင်းရှိ ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်) သိမ်ကျောင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

အသင်းသား အသင်းသူများ၊ မြို့နယ်သူ မြို့နယ်သားများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ မပျက်မကွက်တက်ရောက်ကြရန်နှင့် အသက်(၇၅)နှစ်ပြည့် အသင်းဝင် ဘိုးဘွားများအမည်စာရင်း၊ ၂၀၁၁ ခုနှစ် ပါရဂူဘွဲ့နှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သော အသင်းဝင် သားသမီးများစာရင်းကို အထောက်အထားအပြည့်အစုံဖြင့် ဦးစောဝေ(ဥက္ကဋ္ဌ) ဖုန်း-၀၉-၅၁၀၈၇၀၅၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ပါမောက္ခ ဦးသိန်းဝင်း ဖုန်း-၀၉-၅၁၆၉၅၂၁၊ ဗိုလ်မှူးစိုးအောင်(ငြိမ်း) ဖုန်း-၀၁-၅၇၀၈၂၁၊ ဦးခင်မောင်တင့် ဖုန်း-၀၉-၅၀၇၉၂၀၈၊ ဦးတင်လှ ဖုန်း-၀၁-၂၂၄၈၂၄ နှင့် ဦးသိန်းညွန့် ဖုန်း-၀၉-၇၃၀၇၇၅၃၇၊ ဦးဝင်းမြင့် (အတွင်းရေးမှူး) ဖုန်း-၀၉-၅၁၀၅၈၀၆၊ အသင်းရုံး ဖုန်း-၀၁-၂၁၂၅၀၈ နှင့် အသင်းဓမ္မာရုံ ဖုန်း-၀၁-၄၀၁၀၁၄ တို့ထံသို့ ဖေဖော်ဝါရီ ၁၅ ရက် နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာန၏ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ယူနက်စကိုအဖွဲ့ ပူးပေါင်းကူညီဆောင်ရွက်သွားမည်

နေပြည်တော် ဖေဖော်ဝါရီ ၃

ပြန်ကြားရေးဝန်ကြီးဌာနသည် နိုင်ငံတကာနှင့် ဒေသဆိုင်ရာ စံချိန်စံညွှန်းများကိုအခြေခံပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီမည့် မီဒီယာဥပဒေတစ်ခုကို ရေးဆွဲဆောင်ရွက်လျက်ရှိရာ အဆိုပါဆောင်ရွက်မှု၌ နိုင်ငံတကာစံများ၊ လုပ်ထုံးလုပ်နည်းများနှင့်ဆီလျော်မှုရှိစေရန် ယူနက်စကိုအဖွဲ့က ပူးပေါင်းကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

စီစဉ်ဆောင်ရွက်

ဒီမိုကရေစီဖော်ဆောင်ရာ၌ သတင်းလွတ်လပ်ခွင့်နှင့် တာဝန်သိမှု၊ တာဝန်ယူမှုတို့ကို မှန်မှန်ကန်ကန် ယှဉ်တွဲကျင့်သုံးနိုင်သည့် မီဒီယာ၏အခန်းကဏ္ဍနှင့်စပ်လျဉ်း၍ ဆွေးနွေးပွဲတစ်ခုပြုလုပ်ရန်လည်း ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယူနက်စကိုအဖွဲ့တို့ ပူးပေါင်းစီစဉ်ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ယူနက်စကိုအဖွဲ့မှ သတင်းဆက်သွယ်ရေးဆိုင်ရာ ကျွမ်းကျင်သူများပူးပေါင်း၍ ပုံနှိပ်ဆိုင်ရာနှင့် ရုပ်မြင်သံကြားဆိုင်ရာ ဥပဒေများနှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲများလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိုက်ကြီးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အစည်းအဝေးနှင့် ထောက်ပံ့ငွေပေးအပ်ပွဲကို ဇန်နဝါရီ ၂၈ ရက်က အဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌဗိုလ်ကြီးအောင်မြင့်(ငြိမ်း)က အဖွဲ့ဝင်တစ်ဦးအား ထောက်ပံ့ငွေပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအဖွဲ့သစ်လက်ထက် (၁၁)စင်းမြောက်ဖွင့်လှစ်မည့် ရေဝတီတံတား(စင်းခန်း)

* ရေဝတီတံတား(စင်းခန်း)သည် ကချင်ပြည်နယ် ဗန်းမော်မြို့နယ် စင်းခန်းကျေးရွာအနီး ကသာ-ဗန်းမော်မီးရထားလမ်းတွင် တည်ရှိပြီး ၂၀၀၉ ခုနှစ် မေ ၇ ရက်တွင် စတင်တည်ဆောက်၍ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်ပြီးဖြစ်သည်။
* ရေဝတီတံတား(စင်းခန်း)၏ အပေါ်ထည်မှာ သံမဏိသံပေါင်+ကြိုတင်အားဖြည့် ကွန်ကရစ်+သံကူကွန်ကရစ်ဖြစ်ပြီး အောက်ထည်ကို သံကူကွန်ကရစ်အမျိုးအစားနှင့် အုတ်မြစ်ကို သံကူကွန်ကရစ်လွန်တူးပိုင်ဖြင့် တည်ဆောက်သွားမည်ဖြစ်သည်။ အဆိုပါ တံတားကြီးတည်ဆောက်ရေးအတွက် လိုအပ်မည့် သံမဏိသံပေါင်များကို မြန်မာစီးပွားရေးကော်ပိုရေးရှင်း မြောင်းတကာ သံမဏိစက်ရုံမှ ထုတ်လုပ်ပေးခဲ့သည်။
* စုစုပေါင်းကားတံတားအရှည်ပေ ၄၆၃၀ နှင့် စုစုပေါင်း မီးရထားတံတားအရှည် ၅၅၁၀ ပေရှိပြီး ယာဉ်သွားလမ်းအကျယ် ၂၈ ပေနှင့် လူသွားလမ်းအကျယ် တစ်ဖက်လျှင် ၃ ပေစီပါရှိသည်။ ရထားလမ်းအကျယ် ၁၄ ပေ၊ တံတားအောက်ရေလမ်းကင်းလွတ်နယ် အကျယ်ပေ ၃၂၀ နှင့် အမြင့် ၄၇ ပေရှိသည်။ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်သည်။
* တံတားကြီးတွင် ကားလမ်းနှင့် ရထားလမ်းပါ ပါရှိသဖြင့် ခရီးတို ခရီးရှည်သွားလာရေးအတွက် လွယ်ကူလာမည်။ ကချင်ပြည်နယ်အတွင်းရှိ မြို့ရွာများနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့ရွာများသို့ အလွယ်တကူ ဆက်သွယ်နိုင်မည့်အပြင် အခြားရထားလမ်းကွန်ရက်များနှင့်ပါ ချိတ်ဆက်ကာ မြန်မာနိုင်ငံ တောင်ပေါ်မြေပြန့်အားလုံးသို့ ခရီးပေါက်သဖြင့် တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ လူမှုစီးပွားမြင့်မားမှုတို့ တိုးပွားလာမည်ဖြစ်သည်။

သတင်းမှတ်စု ➢ မောင်ငြိမ်းအေး

မြန်မာ့ရိုးရာစစ်တုရင် တစ်ဦးချင်းအလွတ်တန်းပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၃

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့ကကြီးမှူးကျင်းပမည့် မြန်မာ့ရိုးရာစစ်တုရင်တစ်ဦးချင်း အလွတ်တန်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၃ ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူလမ်းနှင့် ကန်ရိပ်သာလမ်းထောင့်ရှိ သိမ်ဖြူအားကစားခန်းမ၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်းနှင့် ပါဝင်ယှဉ်ပြိုင်လိုသည့် အားကစားသမားများသည် ဖေဖော်ဝါရီ ၁၄ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ရုံးတွင် စာရင်းပေးသွင်းနိုင်သည်။

ထည့်သွင်းကျင်းပ

မြန်မာ့ရိုးရာစစ်တုရင်တစ်ဦးချင်းအလွတ်တန်းပြိုင်ပွဲမှ လက်ရည်စစ်အောင်မြင်သူများသည် ၂၀၁၂ ခုနှစ် မြန်မာ့ရိုးရာစစ်တုရင်တံခွန်စိုက် စစ်တုရင်ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်ပြီး တံခွန်စိုက်စစ်တုရင်ပြိုင်ပွဲမှ မြန်မာ့လက်ရွေးစင်များ ရွေးချယ်မည်ဖြစ်သည်။ ၂၀၁၃ ခုနှစ် မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ်ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ မြန်မာ့ရိုးရာစစ်တုရင် အားကစားနည်းကို ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(စစ်တုရင်အဖွဲ့ချုပ်)**

ငွေပဒေသာပင် စိုက်ထူလှူဒါန်း

တောင်ငူ ဖေဖော်ဝါရီ ၃

သံဃာတော် အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ်ပြီး စာသင်တိုက် ငွေပဒေသာပင် စိုက်ထူရန်အတွက် အလှူငွေ ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁ ရက်က တောင်ငူမြို့ စည်ပင်ဂိုဏ်းအုပ် စာသင်တိုက်၌ ကျင်းပရာ ထိုနေ့တွင် ကျရောက်သည့် သတင်းထောက် ဦးကျော်လှ(သမာဓိ) တောင်ငူ၏ (၇၅)နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ် ကုသိုလ်ဒါန အလှူတော်အဖြစ် သမာဓိမိသားစုက ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းသဖြင့် ဂေါပကအဖွဲ့ဝင် ဦးစိုးမြင့် (စာတိုက်မှူး-ငြိမ်း)က လက်ခံယူပြီး အလှူရှင်မိသားစုသို့ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ) (၁၁၅)**

မြန်မာကုန်သွယ်ရေကြောင်းဆိုင်ရာလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအသင်း နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၃

မြန်မာကုန်သွယ်ရေကြောင်းဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအသင်း (MYANMAR MERCANTILE MARINE DEVELOPMENT ASSOCIATION) ၏ (၁၂)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို ဖေဖော်ဝါရီ ၉ ရက် (ကြာသပတေးနေ့)၌ ရန်ကုန်မြို့ ပြည်လမ်းရှိ International Bussiness Centre (I.B.C) ၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါ အစည်းအဝေးနှင့်အတူ P & I Club မှ The Necessity of Legal Representation Worldwide, General Principles of Finance, Marine Perils as Insured and The Arbitration in Shipping Disputes ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ပြမည်ဖြစ်၍ အသင်းသားများအားလုံး မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ရော်ဘာအစေးလှီးနှင့် ထိန်းသိမ်းခြင်းသင်တန်းဖွင့်

ကျိုက်ထို ဖေဖော်ဝါရီ ၃

ကျိုက်ထိုမြို့နယ် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းနှင့် မြို့နယ်ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် ရော်ဘာအစေးလှီးနှင့် ထိန်းသိမ်းသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၁ ရက် နံနက် ၁၀ နာရီက မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း မြို့နယ်မန်နေဂျာရုံး၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်သက်မောင်၊ မြို့နယ်အသင်းဒုတိယဥက္ကဋ္ဌ၊ ARC. PC မှဌာနမှူးနှင့် မြို့နယ်မန်နေဂျာတို့က အမှာစကားပြောကြားကြပြီး သင်တန်းကာလမှာ ၁၀ ရက်ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ပုသိမ်မြို့၏ကျက်သရေတော်ဆောင် သမိုင်းဝင်ဘုရား မြို့တွင်းသို့ဒေသစာရီ ကြွချီလှည့်လည်အပူဇော်ခံ

ပုသိမ် ဖေဖော်ဝါရီ ၃

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၏ ကျက်သရေတော်ဆောင် သမိုင်းဝင်နိဂြောဓ ဗျာဒိတ်ပေးဘုရားကြီးအား ဗုဒ္ဓဝင်အစဉ်အလာနှင့်အညီ ဇန်နဝါရီ ၂၉ ရက်က မြို့တွင်းသို့ ဒေသစာရီကြွချီ လှည့်လည်အပူဇော်ခံတော်မူရာ နောက်ပါဘုရား ကိုယ်ပွားတော်၊ ရဟန္တာများ၊ ကာဠုဒါယီ ပင့်လျှောက်ခန်းနှင့် သားတော်ရာဟုလာ အမွေတောင်းခန်းအစရှိသည်တို့ကို ဒေဝါဝင်း၊ရာဇာဝင်း အဖွဲ့များနှင့်အတူ စည်ကားသိုက်မြိုက်စွာ မြို့တွင်းသို့ လှည့်လည်၍ အပူဇော်ခံကြသည်။ ထို့နောက် ရာဇဂြိုဟ်ပြည်ဝေဠုဝန်ရွှေကျောင်းတော်ဟု ခေါ်ဝေါ်သမုတ်သည့် အောက်ကျဉ်း၌ သုံးရက်တိုင်တိုင် ကိန်းဝပ်စံပယ်တော်မူပြီး ဖေဖော်ဝါရီ ၃ ရက်တွင် ကပိလဝတ်ပြည်ခေါ် အထက်ကျဉ်းနိဂြောဓရုံစံကျောင်းတော်တွင် သီတင်းသုံး အပူဇော်ခံကာ သားတော်ရာဟုလာ ရှင်သာမဏေပြုခန်းနှင့် စကြာပေါ်မှ တန်ခိုးပြတရားဟောကြားဆုံးမခြင်းစသော ဗုဒ္ဓဝင်ခန်းများဖြင့် ကျင်းပခဲ့ကြကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

မှူခင်းကျဆင်းရေး လောင်းလုံ၌ ဟောပြော

လောင်းလုံ ဖေဖော်ဝါရီ ၃

မှူခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေးနှင့် လူကုန်ကူးမှုအန္တရာယ် အသိပညာပေး ဟောပြောပွဲကို ဇန်နဝါရီ ၂၆ ရက်က တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံမြို့နယ် အင်းဇောက်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်သိန်း ဆွေးနွေးဟောပြောခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည့် မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများ အလွဲသုံးမှု အန္တရာယ်မရှိစေရေးအတွက် ပညာပေးဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင့်နိုင် ဟောပြောစဉ်။ (၀၂၀)

ရွှေကျင်မြို့နယ် ခုတင်(၁၀၀)ပြည့်သူ့ဆေးရုံ၌ လူနာစောင့်တည်းခိုဆောင်တည်ဆောက်

ရွှေကျင် ဖေဖော်ဝါရီ ၃

ပဲခူးခရိုင် ရွှေကျင်မြို့နယ် ခုတင်(၁၀၀)ပြည့်သူ့ဆေးရုံ၌ ဇန်နဝါရီ ၂၁ ရက် နံနက် ၈ နာရီက လူနာစောင့်များအဆင်ပြေစွာ တည်းခိုနေထိုင်နိုင်ရန် မြို့နယ်ကျန်းမာရေးကြီးကြပ်မှုကော်မတီ၏ကြီးကြပ်မှုဖြင့် ကိုယ့်အားကိုယ်ကိုး လူနာစောင့်တည်းခိုဆောင်တည်ဆောက်ရေးအတွက် မင်္ဂလာဦးရင်တိုင် စိုက်ထူပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး(၂) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လုပ်ငန်းရှင်များ တက်ရောက်ကြသည်။ အဆိုပါ အဆောက်အအုံမှာ (၁၉× ၄၀×၁၀)ပေ သွပ်မိုး၊ ပျဉ်ကာ ပျဉ်ခင်းအဆောက်အအုံဖြစ်ပြီး ကုန်ကျငွေကျပ် ၃၅ သိန်းခန့်ကုန်ကျမည်ဖြစ်ကြောင်း သိရှိရသည်။ (၀၀၁)

နိုင်ငံသားစိစစ်ရေးကတ်ပြား ပွင့်ဖြူမြို့နယ်၌ပေးအပ်

ပွင့်ဖြူ ဖေဖော်ဝါရီ ၃

ပွင့်ဖြူမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို ကုန်းဇောင်းကျေးရွာအုပ်စု ကုန်းဇောင်းကျေးရွာ သာသနာ့ဗိမာန်တော်၌ ဇန်နဝါရီ ၂၀ရက် မွန်းလွဲ ၁နာရီကကျင်းပရာ မကွေးတိုင်းဒေသကြီး တိုင်းဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးလှဒေါင်းက ဖြေလျှော့နည်းဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းနည်းလမ်းများကို ရှင်းလင်းပြောကြားပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျေးရွာပြည်သူတစ်ဦးချင်းစီအား ပေးအပ်ခဲ့ကြောင်းသိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မီးဘေးကြိုတင်ကာကွယ်ရေး ဒလ၌လေ့ကျင့်

ရန်ကုန် ဖေဖော်ဝါရီ ၃

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်သရုပ်ပြလေ့ကျင့်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းက ဒလမြို့နယ် ဆာပါချောင်ကျောင်းစုရပ်ကွက် ဒလတွံတေးကားလမ်းဘေးရှိ အဏ္ဏဝါလွှမ်းကုမ္ပဏီလီမိတက် ရတနာစက်သုံးဆီအရောင်းဆိုင်၌ ကျင်းပသည်။

ရှေးဦးစွာ ဆိုင်အတွင်းရှိ ဆီလှောင်ကန်များထားရှိမှု၊ မီးသတ်ဆေးဘူးများနှင့် မီးဘေးအန္တရာယ်ကင်းဝေးစေရေး ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်လျှပ်စစ်ဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က ကြည့်ရှုစစ်ဆေးကြသည်။ ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးဌာနမှတာဝန်ရှိသူတစ်ဦးက ဆိုင်မန်နေဂျာနှင့်ဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား မီးဘေးအန္တရာယ်ကာကွယ် တားဆီးရေးပညာပေးဟောပြောပြီးနောက် မီးသတ်ဆေးဘူးဖြင့်မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြသည်။**(အောက်ပုံ)**

ဒီဇင်ဘာ ၂၅ ရက်က ကမာကဆစ်ရပ်ကွက် ဒလ-တွံတေးကားလမ်းမနှင့် ဗိုလ်မင်းရောင်လမ်းထောင့်ရှိ Hello စက်သုံးဆီအရောင်းဆိုင်၌လည်း မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခဲ့ကြောင်း သိရှိရသည်။ **(သန်းဌေး-ဒလ)**

ဇန်နဝါရီ ၂၇ ရက်က တိုင်းဒေသကြီးအဆင့်စံပြကျောင်း ရွေးချယ်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ ကျောင်းကျန်းမာရေးဆရာဝန်ကြီး ဒေါက်တာ ဒေါ်ခင်စောရီ ကမာရွတ်မြို့နယ် အမှတ်(၄) အခြေခံပညာမူလတန်းကျောင်း၏ ကျောင်းကျန်းမာရေးပြခန်းအား ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ် ပြန်/ဆက်)

မှူ ခင်း သ တင်း

မြန်မာ့အလင်း ၃-၂-၂၀၁၂

ကားအရှိန်လွန်ပြီး တိမ်းမှောက်

မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်းတွင် ဖေဖော်ဝါရီ ၁ ရက် ညနေ ၅ နာရီက ကျောက်ပန်းတောင်းမှ မိတ္ထီလာသို့ ဟသ်ာတမြို့နေ ယာဉ်မောင်းကျော်နိုင်လင်း(၃၀)နှစ် မောင်းနှင်လာသည့် ၆ခ/---နီဆန်းဒီဇယ် ၁၈ဘီးကားကြီးသည် မိုင်တိုင်အမှတ် ၁၇/၀ မကျီးကုန်းကျေးရွာအနီးအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက်သို့ တိမ်းမှောက်သွားခဲ့သည်။ ကားတိမ်းမှောက်မှုကြောင့် ယာဉ်မောင်းကျော်နိုင်လင်းမှာ နေရာတွင်ပင်သေဆုံးသွားခဲ့ပြီး ယာဉ်နောက်လိုက် မျိုးမင်းထက်မှာ ဒဏ်ရာများရရှိခဲ့သည်။ ယာဉ်တိမ်းမှောက်မှုနှင့်ပတ်သက်၍ ရှမ်းမငယ်ရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရှိရသည်။ (၀၁၂)

အကြွေးမရ ရှိဘဲ ဖမ်းဆီးအရေးယူခံရ

ဇန်နဝါရီ ၂၅ ရက် မွန်းတည့် ၁၂ နာရီခန့်က ဘိုကလေးမြို့နယ် အမှတ်(၄) ရပ်ကွက် ၅-လမ်းနေ မယဉ်လတ်လတ်အေး (၃၅)နှစ် (ဘ-ဦးမောင်ကို)သည် နေအိမ်၌ ခင်ပွန်းနှင့်အတူရှိနေစဉ် ဘိုကလေးမြို့ (၈)ရပ်ကွက် ၄-လမ်းနေ စိုင်းနေလင်း (၃၂)နှစ်(ဘ-ဦးတင်ဝင်း)နှင့် ဇနီးမဇင်ဇင်စိုး (၃၁)နှစ်(ဘ-ဦးစိုးမောင်)တို့ ရောက်ရှိလာကြပြီး ၎င်းတို့ထံမှ ချေးယူထားသော ငွေကျပ်တစ်သိန်းကို ပြန်ပေးရန် တောင်းခံရာမှ စကားများရန်ဖြစ်စဉ် နေအိမ်ပေါ်တက်ရောက်၍ ဆဲဆိုကြိမ်းမောင်းခြင်းပြုလုပ်ကြသဖြင့် မယဉ်လတ်လတ်အေးက အရေးယူပေးပါရန် တိုင်တန်းချက်အရ ဘိုကလေးရဲစခန်းမှ အိမ်ပေါ်တက် ဆဲဆိုကြိမ်းမောင်းသူနှစ်ဦးအား အရေးယူထားကြောင်းသိရသည်။ (၀၇၇)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၂-၂၀၁၂ (စနေနေ့)

နံနက်ပိုင်း

၅း၀၀	ပဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၅း၂၀	MRTV-4 သတင်း
၇း၃၀	MRTV-4 သတင်း
၁၂း၁၀	ပြည်၊ ရွှေတောင်မြို့ရှေးဟောင်း မဟာသိမ်တော်ကြီး ခတ်တော်မျှား ဗုဒ္ဓရုပ်ပွားတော်များ ရှာဖွေတွေ့ရှိခြင်း
၂း၀၀	MRTV-4 သတင်း
၃း၂၅	Movie Talk [ရုပ်ရှင်ထူးချွန်ဆုသမိုင်း] ဒါရိုက်တာကြည်စိုးထွန်း (အပိုင်း-၁၀)
၅း၂၅	MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **တေးသွားဧကရီ** (အပိုင်း-၈)
၆း၀၀	MRTV -4 သတင်း
၆း၅၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၁၀၈)
၈း၀၀	MRTV -4 သတင်း
၉း၂၅	Barclays Premier League West Brom Vs Swansea City
၁၁း၅၅	Barclays Premier League Man City Vs Fulham
၁း၅၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညွှန်ရာ** (အပိုင်း-၆၁)
၄း၄၀	**ကိုစိန်နှင့်ကိုယ်ဝန်ဆောင်မိခင်** စံလင်း၊ မျောက်ရှုံး၊ အေးအေးခိုင်၊ အေးသီတာ ဒါရိုက်တာ-အောင်မိုး(ပဲရစ်)

လက်ခံတွေ့ဆုံ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ထိုင်းနိုင်ငံ အထက်လွှတ်တော်(ဆီးနိတ်)ဥက္ကဋ္ဌ Gen. Teeradej Meepien အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိအဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း

ထိုင်းနိုင်ငံ အထက်လွှတ်တော်(ဆီးနိတ်) ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၃

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ထိုင်းနိုင်ငံ အထက်လွှတ်တော်(ဆီးနိတ်) ဥက္ကဋ္ဌ Gen. Teeradej Meepien အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိ အဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ လွှတ်တော်ကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ အထက်လွှတ်တော် ဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံရုံးယာယီတာဝန်ခံ Mr. Kallayana Vipattipumiprates တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး ပကတိဖြစ်ပေါ်တိုးတက်မှု၊ လွှတ်တော်အနေဖြင့် ဥပဒေကြမ်းများရေးဆွဲပြဋ္ဌာန်းနေမှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ဆောင်ရွက်နေမှု၊ နိုင်ငံတကာလွှတ်တော်များနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီအတွေ့အကြုံ နုနယ်သေးသော်လည်း ပြည်သူများအား ဒီမိုကရေစီအနှစ်သာရများကို အချိန်တိုအတွင်းရရှိအောင် ဖော်ဆောင်ပေးနေမှုများအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ယင်းနောက် ထိုင်းနိုင်ငံအထက်လွှတ်တော်ဥက္ကဋ္ဌသည် ပြည်ထောင်စုလွှတ်တော် ကျင်းပနေမှုကို သွားရောက်ကြည့်ရှုလေ့လာသည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်

ထိုင်းနိုင်ငံ အထက်လွှတ်တော်(ဆီးနိတ်) ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ထိုင်းနိုင်ငံ အထက်လွှတ်တော်(ဆီးနိတ်)ဥက္ကဋ္ဌ Gen. Teeradej Meepien ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၃

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ထိုင်းနိုင်ငံ အထက်လွှတ်တော်(ဆီးနိတ်) ဥက္ကဋ္ဌ Gen. Teeradej Meepien ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အတူ ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ အမျိုးသားလွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ထိုင်းနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံရုံးယာယီ တာဝန်ခံ Mr. Kallayana Vipattipumiprates နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရေးနှင့် လွှတ်တော်ဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း လူမှုစီးပွားသတင်းပဒေသာ လူမှုစီးပွားသတင်းပဒေသာ

အိမ်သာလို့ ဧည့်များလာကြပါပြီ

သတင်းမှတ်စုနှင့် ဓာတ်ပုံ တင်ဝင်းလေး(ကြည့်မြင်တိုင်)

ရန်ကုန် ဖေဖော်ဝါရီ ၃

မြန်မာနိုင်ငံအတွင်းကို နိုင်ငံခြား ဧည့်သည်များ ဝင်ရောက်မှုဟာ ကိန်းဂဏန်းပြန်လှန်မကြည့်ဘဲ အလွတ်သဘောပြောရရင် ဟိုအရင်ခေတ်၊ အရင်နှစ်တွေနဲ့ လားလားမှမဆိုင်၊ အဆပေါင်းများစွာ တိုးတက်လာသည်ကို တွေ့မြင်နေရပါပြီ။

အိမ်သာလို့ ဧည့်များလာကြပါပြီ။ ရန်ကုန်မြို့ကြီးရဲ့ အထင်ကရနေရာများဖြစ်တဲ့ ရွှေတိဂုံစေတီတော်၊ ဆူးလေစေတီတော်၊ ဗိုလ်တထောင်စေတီတော်၊ သန်လျင် ကျိုက်ခေါက်စေတီတော်တို့အပြင် ဗိုလ်ချုပ်အောင်ဆန်းဈေးနှင့် ရန်ကုန်မြို့ထဲဝန်းကျင်လမ်းတွေမှာ *စာမျက်နှာ ၇ ကော်လံ ၅* ●

ဆူးလေစေတီတော်ရှေ့နှင့် မြို့တော်ခန်းမရှေ့တွင် တွေ့ရသော နိုင်ငံခြားသားဧည့်သည်များ။

ခရီးသည်တင်ယာဉ်များအားလုံး

စီအင်န်ဂျီကို စလစ်ဖြင့်ဝယ်ယူရမည်

ခင်လေးမြင့်အောင် - ရေးသားသည်

ရန်ကုန် ဖေဖော်ဝါရီ ၃

စွမ်းအင်ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်များအရ ရန်ကုန်မြို့တွင်း၊ မြို့ပြင် သွားလာလျက်ရှိသည့် သဘာဝဓာတ်ငွေ့သုံး ခရီးသည်တင်မော်တော်ယာဉ်များအားလုံး ဓာတ်ငွေ့ဖြည့်တင်းရန် စလစ်ဖြင့်သာ ရောင်းချပေးတော့မည်ဖြစ်ကြောင်း သိရှိရသည်။

"ဓာတ်ငွေ့တွေ ပိုထုတ်လာကြလို့ အခုလိုကန့်သတ်လိုက်ရတာပါ။ လိုအပ်သလောက်ကို တိတိကျကျ ထုတ်ပေးပါမယ်။ ဒါပေမယ့် အပိုတွေ ထပ်မပေးတော့ဘူး။ အရင်က ခရီးစဉ်သေချာမဖြည့်ဘဲ ဒီအတိုင်းထုတ်ပေးနေတာ။ အခုတော့ ခရီးစဉ်ကို သေချာကြည့်ပြီး စလစ်နဲ့မှ ထုတ်ပေးတော့မယ်"ဟု သဘာဝဓာတ်ငွေ့အရောင်းဆိုင်မန်နေဂျာတစ်ဦးက ပြောပြသည်။ ရန်ကုန်မြို့တွင်း မောင်းနှင်လျက်ရှိသည့် ခရီးသည်တင်မော်တော်ယာဉ်များနှင့် ပဲခူး၊ ညောင်လေးပင်၊ တိုက်ကြီး၊ မှော်ဘီ ခရီးသည်တင်ယာဉ်များအားလုံး စလစ်ဖြင့်သာ ***စာမျက်နှာ ၇ ကော်လံ ၅*** *